၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.802, FEBRUARY 20, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အမေရိကန်လွှတ်တော်အမတ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖုန်းဆက်စကားပြော

**RFA । ဖေဖော်ဝါရီ ၁၆ ။** ။ အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် Mr. Mitch McConnell ဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖေဖော်ဝါရီ ၁၅ ရက် မနေ့က ညနေပိုင်းက တယ်လီဖုန်းနဲ့ဆက်သွယ်စကားပြောခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်အထက်လွှတ်တော် ရီပတ်ဘလစ်ကန်ပါတီအမတ်တွေရဲ့ခေါင်းဆောင်ဖြစ်တဲ့ Mr. McConnell က ကြေညာချက်ထုတ်ပြန်ရာမှာသူဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ စကားပြောခွင့်ရခဲ့ကြောင်း ဒေါ်အောင်ဆန်းစုကြည်ဟာ စိတ်ဓာတ်ကြံ့ခိုင်နေဆဲဖြစ်ပြီး မြန်မာပြည်သူတွေအတွက် ခေါင်းဆောင်တယောက်အဖြစ် တက်တက်ကြွကြွနဲ့ ဆက်လက်ရပ်တည်နေကြောင်း ဖော်ပြထားပါတယ်။

ဒါပေမယ့်မကြာသေးခင်က မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တွေကို ခြိမ်းခြောက်ပြောဆိုရေးသားထားတာတွေအပေါ် မိမိအနေနဲ့အထူးစိုးရိမ်မကင်းဖြစ်မိပါကြောင်း Mr. McConell ကပြောပါတယ်။ ဆက်လက်ပြီး အခုလိုခြိမ်းခြောက်မှုဟာ လုံးဝလက်ခံနိုင်စရာမရှိတဲ့လုပ်ရပ်ဖြစ်ပြီး ဒီကိစ္စကို ကမ္ဘာတဝန်းက ဒီမိုကရေစီနဲ့ လွတ်လပ်မှုကိုတန်ဖိုးထားသူတွေအားလုံး တညီတညွတ်တည်း ရှုတ်ချသင့်ကြောင်း ဖော်ပြထားပါတယ်။

မိမိအနေနဲ့အထက်လွှတ်တော်ကမိမိရဲ့လုပ်ဖော်ကိုင်ဘက်တွေနဲ့အတူ မြန်မာနိုင်ငံကအခြေအနေတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးကို ဆက်လက်ပြီး မျက်ခြေမပြတ်စောင့်ကြည့်သွားမယ့် အကြောင်းလည်း အထက်လွှတ်တော်အမတ် Mitch McConnell က ပြောပါတယ်။

Mr. McConell ဟာ မနေ့က တယ်လီဖုန်းဆက် စကားပြောစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးကိစ္စ အပါအဝင် မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ သ ဘော ထားနဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်အလားအလာတွေကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

မြန်မာ့ဒီမိုကရေစီရေးကို အစဉ်တစိုက် ထောက်ခံအားပေးဆောင်ရွက်နေတဲ့ ရီပတ်ဘလစ်ကန်ပါတီ အထက်လွှတ်တော်အမတ် Mr. McConell နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တိုက်ရိုက်ဆက်သွယ်စကား ပြောတာဟာ အခု ပထမဆုံးအကြိမ်ဖြစ်တယ်လို့ သိရပါတယ်။

---

## ဒေါ်စုလုံခြုံရေး အမေရိကန်အစိုးရ စိုးရိမ်

**RFA । ဖေဖော်ဝါရီ ၁၇ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စုက စိုးရိမ်ကြောင်း အမေရိကန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြား လိုက်ပါတယ်။

မနေ့ကပြုလုပ်တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန နေ့စဉ်သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံခြားရေးဌာနပြောခွင့်ရသူ Philip Crowley က အခု လိုထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်ပါတယ်။

အမေရိကန်အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်နဲ့လုံခြုံရေးကို စိုးရိမ်ပူပန်နေဆဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား

**စာမျက်နှာ ၃ သို့**

**ဒုပိုလ်ချုပ်ကြီးဟောင်း တင်အေး လွှတ်တော်အမတ်အဖြစ်ကန့်ကွက်** — **စာမျက်နှာ ၄**

**မြို့နယ်အချို့ မှ အဖွဲ့ ချုပ်ဝင်များ၏ ကွန်ရက်ဆောင်ရွက်မှုများ** — **စာမျက်နှာ ၆**

**အီးယူပိတ်ဆို့ မှုကို ဆက်ထားရန် ဒေါ်အောင်ဆန်းစုကြည်က ပြောကြား** — **စာမျက်နှာ ၈**

**နအဖစစ်တပ်ရဲ့ အမိန့်နာခံမှုအပေါ် ဦးအောင်လင်းထွဋ်နှင့် ဦးတင်ဦးဆွေးနွေးချက်** — **စာမျက်နှာ ၁၂**

**ဒေါ်အောင်ဆန်းစုကြည်လုံခြုံရေးအတွက် နအဖ ဗိုလ်ချုပ်တွေမှာ တာဝန်ရှိ** — **စာမျက်နှာ ၁၆**

**မိုင်းနင်းမိသဖြင့် ကလေးငယ်တဦး အပြင်းအထန် ဒဏ်ရာရ** — **စာမျက်နှာ ၁၈**

VOB အာဘော်

# အာရုံပြောင်း နည်းပရိယာယ်

မြန်မာစစ်အာဏာရှင်များအကြား သဘောထားကွဲလွဲမှုများဖြစ်နေသည်။ အထူးသဖြင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့အကြားဖြစ်သည်ဟူသောသတင်းများထွက်ပေးနေသည်မှာ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းမှစတင်ကာ လွန်ခဲ့သောရက်အနည်းငယ်အတွင်းကအထိ ကြိမ်ဖန်များစွာထွက်ပေါ်နေခဲ့သည်။ သို့သော်လည်းယနေ့တိုင် တိကျမှန်ကန်ကာ လူသိရှင်ကြားဖြစ်လာခြင်းမရှိသေးပေ။ ထိုသတင်းများ မှန်ခြင်း မမှန်ခြင်းထက် ထိုသတင်းများပေါ်ထွက်လာချိန်နှင့် မြန်မာနိုင်ငံတွင်းနှင့် မြန်မာနိုင်ငံပြင်ပတွင် မည်သို့သောအဖြစ်အပျက် အကြောင်းအရာများဖြစ်ပွားနေသည်ကို သတိထားချိန်ထိုးကြည့်ရန်လိုအပ်ပေသည်။ မြန်မာစစ်အာဏာရှင်များသည် အာရုံပြောင်းနည်းပရိယာယ်ကို ပါးနပ်စွာအသုံးချတတ်သူများဖြစ်သည်ကိုသတိချပ်သင့်သည်။

မည်သည့်အဖွဲ့အစည်းတွင်မဆို လူပုဂ္ဂိုလ်များအကြား အမြင်မတူ သဘောထားမတူဆိုသည်မှာ ထူးဆန်းသောအရာမဟုတ်ပေ။ သို့ သော်လည်း အာဏာရှင်နိုင်ငံများတွင်မူ ထိပ်ပိုင်းအာဏာရှင်များအကြား သဘောထားကွဲလွဲမှုသည် ကြီးမားသောအကြောင်းအရာဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း အလားတူပင်ဖြစ်သည်။ ထိုကဲ့သို့သောသတင်းများသည် မြန်မာနိုင်ငံတွင်းစစ်အာဏာရှင်များက အကြောင်းအရာတခုခုကို လုပ်ဆောင်တော့မည် လုပ်ဆောင်နေပြီဆိုလျှင်ပေါ်ထွက်လာလေ့ရှိသည်။

လူအများစိတ်ဝင်စားသောအကြောင်းအရာများ အဖြစ်အပျက်များသည် အင်တာနက်စာမျက်နှာများပေါ်တွင် တခါတခါ ပေါ်လာလေ့ရှိသလို လူပြောများစိတ်ဝင်စားစေမည့်အကြောင်းအရာများသည်လည်း တခါတခါပေါ်ထွက်လာလေ့ရှိသည်။ ထိုအခါမျိုးတွင် ဒီမိုကရေစီအင်အားစုများသည် ထိုအကြောင်းအရာအဖြစ်အပျက်များအပေါ်တွင် အလေးထားအာရုံစိုက်ကာ ပြောဆိုလုပ်ကိုင်ကြသည်။

ဗိုလ်ချုပ်ခင်ညွန့်နှင့်ပတ်သက်သောဗွီဒီယိုမှတ်တမ်းအစိတ်အပိုင်း ရုပ်ရှင်မင်းသားတဦးနှင့်ရုပ်ရှင်မင်းသမီးတဦးတို့၏ ထိမ်းမြားလက်ထပ်မင်္ဂလာဆောင်ခြင်းသတင်းနှင့်မှတ်တမ်းများ၊ စစ်အစိုးရဝါဒဖြန့်ရုပ်ရှင်တကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သော မော်ဒယ်နှင့်ရုပ်ရှင်မင်းသမီးဦးအမေရိကန်တခွင်လှည့်လည်စဉ် ဒီမိုကရေစီအင်အားစုက တခြားအရေးကြီးသောနိုင်ငံရေးကိစ္စများကို တွေးတောစဉ်းစားဆွေးနွေး လုပ်ကိုင်ခြင်းမရှိပဲ ဆန္ဒပြကန့်ကွက်ရေးတခုတည်းကိုသာလုပ်ကိုင်နေခဲ့ခြင်း၊ သန်းရွှေ မောင်အေးကွဲနေကြပြီ စသည့်ကိစ္စများပေါ်ထွက်လာချိန်တွင် မြန်မာနိုင်ငံတွင် မည်သို့သောအဖြစ်အပျက်များဖြစ်နေသနည်းဆိုသည်ကို မမေ့မလျော့နှင့်သတိထားစောင့်ကြည့်ကာ အာဏာရှင်စနစ်အဆုံးသတ်ရေးကြိုးပမ်းချက်များကို အားကောင်းစွာဖြင့် စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရေးအာရုံစိုက်ရန်လိုအပ်သည်ဟု ရေးသားလိုက်ရပေသည်။

---

# လူ့အခွင့်အရေးလေးစားဖို့ ချက်သမတ တိုက်တွန်း

**RFA | ဖေဖော်ဝါရီ ၁၅ ။** ။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး လေးစားလိုက်နာလာဖို့ မြန်မာအစိုးရအပေါ်ဖိအားပေးမှု ပိုတိုးလုပ်ဆောင်ဖို့ ချက်သမတဟောင်း ဗားဆလပ်ဟာဗဲက ဖေဖော်ဝါရီ ၁၅ ရက် ဒီကနေ့ တိုက်တွန်းလိုက်ပါတယ်။

မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ ဥရောပနိုင်ငံတွေရဲ့ ဘုံမူဝါဒသဘောထားပေါ်လစီ ပြောင်းလဲသင့် မသင့် သုံးသပ်တဲ့ဆွေးနွေးပွဲတခု ချက်သမတနိုင်ငံမြို့တော် Prague မှာ ဒီကနေ့ကျင်းပရာမှာ ချက်သမတဟောင်း မစ္စတာဟာဗဲက အခုလို တိုက်တွန်းလိုက်တာ ဖြစ်ပါတယ်။ လူ့အခွင့်အရေးသတ်မှတ်ချက်တွေဟာ လူသားအားလုံးနဲ့ဆိုင်တဲ့ စံတန်ဖိုးတွေဖြစ်ပြီး အခုလို ခေတ်ကာလအခြေအနေမျိုးမှာ ပိုပြီးလေးစားလိုက်နာလာဖို့ တောင်းဆိုရမှာဖြစ်ကြောင်း၊ အခု အရှေ့အလယ်ပိုင်းဒေသမှာ လွတ်လပ်ခွင့်ရဖို့ တောင်းဆိုနေမှုတွေကိုကြည့်ရင် ဒီမိုကရေစီစံတွေဟာ လူသားအားလုံးနဲ့သက်ဆိုင်နေတယ်ဆိုတာ ပြသလိုက်တာဖြစ်ကြောင်း ချက်သမတဟောင်းက ပြောပါတယ်။

ဆွေးနွေးပွဲကို ချက်ရီပတ်ဘလစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Karel Schwarzenberg လည်းတက်ရောက်ခဲ့ပြီး ချက်သမတဟောင်းဗားဆလပ်ဟာဗဲနဲ့အတူ ဆွေးနွေးပွဲကို ဒီကနေ့မနက်ပိုင်းက ဖွင့်လှစ်ပေးခဲ့တာပါ။ ဆွေးနွေးပွဲကို မြန်မာပြည်ရွေးကောက်ပွဲလွန် ဥရောပနိုင်ငံတွေရဲ့ သဘောထားပေါ်လစီလို့ အမည်ပေးထားပါတယ်။ ဒီဆွေးနွေးပွဲမှာ ဥရောပနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနဲ့အတူ ဌာနကတာဝန်ရှိသူတွေတက်ရောက်တယ်လို့ Burma Project တာဝန်ခံ Ms Kristina Prunerova က ပြောပါတယ်။

ဥရောပ ၁၇ နိုင်ငံက အစည်းအဝေးတက်ရောက် နားထောင်ကြသလို တချို့ဟာလည်း ပါဝင်ဆွေးနွေးမှာဖြစ်တယ်လို့ ပြောပါတယ်။ ဒါ့အပြင် ဥရောပမှာရှိတဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ မြန်မာ့အရေးဆောင်ရွက်နေတဲ့အဖွဲ့အစည်းတွေလည်း တက်ရောက် ဆွေးနွေးနေတယ်လို့ ပြောပါတယ်။

ဒီအစည်းအဝေးကနေ ရွေးကောက်ပွဲပြီးသွားချိန် မြန်မာနိုင်ငံတွင်းက တိုးတက်ပြောင်းလဲမှုတွေကို လေ့လာမှာပါ။ ဒီဆွေးနွေးပွဲဟာ လာမဲ့ဧပြီလမှာကျင်းပမဲ့ ဥရောပသမဂ္ဂနိုင်ငံတွေရဲ့ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ဘုံသဘောထားကို ပြန်လည်သုံးသပ်ရာမှာ အထောက်အကူပေးမှာဖြစ်တယ်လို့ အစည်းအဝေးကျင်းပသူတွေက ပြောဆိုပါတယ်။

# နိုင်ငံတွင်း လျှပ်စစ်မီတာခနှုန်းထား ကွာဟချက်ကြီးမား

**DVB ၊ ဖေဖော်ဝါရီ ၁၈ ။** ။ ရခိုင်ပြည်နယ်မှာ လျှပ်စစ်မီတာ တယူနစ်ကို လေးရာကျပ်ကနေ ခြောက်ရာကျပ်အထိ ပေးဆောင်နေကြရပြီးလူထုဝန် ထုပ်ဝန်ပိုးဖြစ်နေပေမယ့် ရခိုင်ပြည်နယ်က ထွက်လာမယ့် လျှပ်စစ်ဓာတ်အားတွေကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်ကိုရောင်းချဖို့ မြန်မာအစိုးရက သဘောတူလိုက်တယ်လို့ သိရပါတယ်။

ရခိုင်ပြည်နယ်တွင်းမှာ အစိုးရက လျှပ်စစ်မီးမဖြန့်ဖြူးနိုင်လို ကိုယ်ထူကိုယ်ထ မီးလင်းရေးကော်မတီတွေနဲ့ လျှပ်စစ်မီးသုံးစွဲနေကြရပါတယ်။ အစိုးရက မီးရဖို့ တာဝန်မယူပေမယ့် မီတာ ထိန်းသိမ်းစောင့်ရှောက်ခ အဖြစ် လစဉ်ကြေး ကျပ်တထောင် တောင်းခံပါတယ်။ သံတွဲမြို့ဟာ ရခိုင်ပြည်နယ်မှာသာမကဘဲ တနိုင်ငံလုံးမှာ လျှပ်စစ်မီတာခ ဈေးအမြင့်ဆုံးဖြစ်နေပြီး တယူနစ်ကို ကျပ် ၆၀၀ နှုန်းနဲ့တရက်ကို လေးနာရီ မီးရပါတယ်။ သံတွဲမြို့ အိမ်ရှင်မတဦးကသူတို့အိမ်မှာ တလကို မီတာယူနစ် ၃၀ လောက်တက်တာကြောင့် နှစ်သောင်းဝန်းကျင်လောက် ကျသင့်နေတယ်လို့ဆိုပါတယ်။

"အခုမီက ၆ နာရီခွဲစပေးတယ် ၁၀ နာရီခွဲအထိ ၄ နာရီပဲ ပေးတာ၊ တနေ့ကို တယူနစ်လောက်တက်တယ်၊ ၁၈၀၀၀ ပေါ့ မီတာထန်းသိမ်းခက ၁၀၀၀။ ဒါပေမယ့် သုံးတာကတော့ မီးထွန်းတာပဲ ရှိတယ်။ မီးထွန်းတာရယ် တီဗွီကြည့်တာရယ်။"

ရခိုင်ပြည်နယ် စစ်တွေနဲ့ တောင်ကုတ်မြို့တွေကို မေးကြည့်ရာမှာလည်း တယူနစ်ကို ကျပ်ငွေလေးရာ ဝန်းကျင်လောက် ကျသင့်နေတယ်လို့ ဆိုပါတယ်။ မန္တလေးတိုင်း တောင်သာမြို့မှာတော့ တလလုံးလိုလို မီးလာနေပြီး မီးပြတ်ရင် အလွန်ဆုံး ဆယ့်ငါးမိနစ်လောက်ပဲရှိတယ်လို့ မြို့ခံက ပြောပါတယ်။ သူတို့ ထံမှာ လျှပ်စစ်မီတာခက တလကို တထောင်လောက်ပဲ ကျသင့်တယ်လို့ဆိုပါတယ်။

"ကျနော်တို့ တောင်သာက ဒီနားက မတ္ထီလာတို့၊ မန္တလေးတို့ကျနော် သိသလောက် ကျနော်က ပဲခူးတို့ ဘာတို့လည်း အနေများတာကိုးရန်ကုန် အင်းစိန်တို့ထက်တော့ အများကြီးကောင်းတယ် တောင်သာက။ ညတွေဘာတွေလည်း လမ်းမီးတွေလည်း လင်းတယ်၊ အိမ်မီးတွေလည်း လင်းပါတယ်။တခြား ဒေသတွေနဲ့ စာရင် တော့ လျှပ်စစ်မီးကတော့ ကောင်းပါတယ်။"

တနင်္သာရီတိုင်း မြောက်စွန်း ကော့သောင်းမြို့မှာတော့ အစိုးရမီးက ပုံမှန်မရှိဘဲ ပုဂ္ဂလိက မီးပေးသမားတွေဆီက ၂၄ နာရီ မီးလင်းနေတယ်လို့ ကော့သောင်း မြို့သားက ပြောပြီး လျှပ်စစ်မီးသုံးရတာ စိတ်ချမ်းသာတယ်လို့ ပြောပါတယ်။

"အီပီစီလည်းရှိတယ်။ အီးပီစီမီးမှန်တချက် မမှန်တချက်၊ ပုဂ္ဂလိကကတော့ ၂၄ နာရီ အမြဲတမ်းလာတယ်၊ တအားအဆင်ပြေတယ်။"

မီတာ အနည်းဆုံးသုံးသူလည်း ဆယ့်ငါးယူနစ်ဖိုး ထိုင်းဘတ်ငွေ သုံးရာ၊ မြန်မာငွေနဲ့ဆို ကျပ်ကိုးထောင်ဝန်းကျင်လောက်ပေးရသလို မီတာထိန်းသိမ်း စောင့်ရှောက်ခတထောင်ကိုတော့ အစိုးရကို ပေးရတယ်လို့ ပြောသွားတာပါ။ အမှတ် ၂ စွမ်းအားဝန်ကြီးဌာနဟာ မီးလုံလောက်အောင် မပေးပေမယ့် မနှစ် ဧပြီလဆန်းမှာ မီတာထိန်းသိန်ေးစာင့်ရှောက်ခကို ငါးရာကျပ်ကနေ (၁၀၀၀) ထိ တိုးကောက်ခဲ့ပါတယ်။ မီးမလာတဲ့နေရာ မလာပေမယ့် နေပြည်တော်မှာဆိုရင် မီးဟာ ထိန်ထိန်ငြီးနေတယ်လို့ အဲဒီမှာ လွှတ်တော်တက်နေတဲ့ အမတ်တွေက နေပြည်တော် ခမ်းနားပုံနဲ့ တခြားဒေသတွေနဲ့မတူပုံကို ပြောပြကြပါတယ်။ ရန်ကုန်မြို့မှာလည်း တယူနစ်ကို ကျပ်ငွေငါးဆယ်နဲ့ ခုတလော ၂၄ နာရီ မီးပုံမှန်ရနေပြီး ခုနှစ်ရာကနေ သောင်းဂဏန်းထိ ကျသင့်နေတယ်လို့ မြို့ခံတွေက ဆိုပါတယ်။ ရန်ကုန်ဒေသခံတဦးက…

"ကျနော်တို့ တီဗွီလောက်လေးပဲ ကြည့်ပြီးတော့ ဒီအတိုင်းပဲ ကိုရီးယားဇာတ်လမ်းလေးလောက်ပဲ ကြည့်မယ်ဆိုရင်တော့ သုံးလေးထောင်ပေါ့ဗျာ။ ၃ ထောင် ကျမယ်ဆိုရင်တောင်မှ မီတာထိန်းသိမ်း စောင့်ရှောက်ခက တထောင်။ တချို့ကျတော့လည်း မီးက တပွင့်လောက်လေးနဲ့ပဲ သက်သောင့်သက်သာ ချွေချွေတာတာနဲ့လုပ်တယ်။ အဲဒီတော့ မီတာကခ ၇၀၀ ကျမယ်ဆိုရင် မီတာထိန်းသိမ်းစောင့်ရှောက်ခက ၁၀၀၀"လို့ပြောပါတယ်။

ရခိုင်ပြည်နယ်မှာ လျှပ်စစ်မီးမလာသလို ကယားပြည်နယ်မှာလည်း လောပိတရေအား လျှပ်စစ်စီမံကိန်းကနေ ကျန်ပြည်နယ်နဲ့တိုင်းတွေကိုမီးဖြန့်ဖြူးပေမယ့် ဒေခံတွေ မီးမရကြဘူးလို့ဆိုပါတယ်။ ရခိုင်ပြည်နယ်သံတွဲ မြို့ဟာ မြန်မာနိုင်ငံမှာ မီတာခဈေးအကြီးဆုံးမြို့ ဖြစ်ပါတယ်၊ အစိုးရကမီးလင်းရေးတာဝန်မယူပေမယ့် ပြီးခဲ့တဲ့လကုန်ပိုင်းကတော့ ရခိုင်ပြည်နယ် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုက တော့ထွက်မယ့် လျှပ်စစ်ဓာတ်အားတွေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောင်းချရေးစီမံချက်နှစ်ခုကို နှစ်နိုင်ငံ သဘောတူခဲ့ကြပါတယ်၊ မဂ္ဂါဝပ်ရှစ်ရာ စီမံချက်နှစ်ခုကို ၂၀၁၅ ခုနှစ်မှာ ကျန်တခုက ၂၀၁၈ တွေမှာ အသီးသီးအပြီး သတ်မှာဖြစ်ပြီး လျှပ်စစ်ရဆကသအားဓာတ်အားကို ရောင်းချမှာဖြစ်ပါ တယ်။ ရခိုင်ဒေသခံတွေ လျှပ်စစ်မီးရရှိမှု နစ်နာနေမှုနဲ့ပတ်သက်လို့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ စစ်တွေမြို့နယ်အတွင်းရေးမှူး ဦးအောင်မြတ်ကျော်က ခုလို ဝေဖန်ပြောဆိုပါတယ်။

"ကျနော်တို့ရဲ့ ရခိုင်ပြည်နယ်ကပိုင်တဲ့ သယံဇာတတွေ ကျနော်တို့ အကျိုး ခံစားခွင့်တခုမှ မရပဲ အဲဒီလို သူတို့ အကျိုးအတွက်ပဲ အပြင်ကိုရောင်းစားဖို့ရာ လုပ်နေတယ်ဆိုတော့ သဘောတူညီမှုကတော့ လုံးဝမရှိဘူး။ ရန်ကုန်ဘက်နဲ့ ဒီဘက် နှိုင်းယှဉ်ကြည့်လိုက်ရင် ဟိုမှာဆိုရင် ယူနစ် ၁၀၀ ကျရင် သူတို့က ၅၀ ဆိုရင် ၅၀၀၀ လောက်ပဲပေးရတဲ့အချိန်မှာ ကျနော်တို့ ဒီမှာ ၅ သောင်း ၁ သိန်းနီးပါးလောက် ကျနော်တို့ ပေးနေရတယ်။ အဲဒီအပိုင်းမှာလည်း ကျနော်တို့ ဒေသဖွံ့ဖြိုးမှုအတွက်လည်း အဲဒီ investment bank တွေက အဲဒီနေရာမှာ ဝင်ပါသွားတော့ ကျနော်တို့မှာ လုံးဝချွတ်ခြုံကျတဲ့ အတိုင်းအတာထိကို ဖြစ်ပေါ့။ တန်းတူဆိုတာထားဦး၊ အခုက သူတို့က လုပ်ချင်သလိုလုပ်နေတဲ့ ပုံစံမျိုး ဆိုတော့ ကျနော်တို့ ဒီရခိုင်ပြည်သူလူထုအတွက်လည်း ရင်ထုမနာဖြစ်ကြရတာ ပေါ့ ဒီမှာ။"

---

**မျက်နှာဖုံးမှ**

**အားလုံးနည်းတူ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်မရှိအောင် အကာအကွယ်ပေးရေးနဲ့လုံခြုံရေးဟာ မြန်မာအာဏာပိုင်တွေ ဂရုစိုက်ရမယ့် အခြေခံတာဝန်ဝတ္တရားဖြစ်ကြောင်း နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောပါတယ်။**

အခုလို အမေရိကန်အစိုးရက ထုတ်ဖော်ပြောဆိုခြင်းဟာ ပြီးခဲ့တဲ့ရက်ပိုင်းက မြန်မာအစိုးရသတင်းစာတွေမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီကိုပိတ်ဆို့မှုနဲ့ပတ်သက်လို့ ဝေဖန်ရေးသားတဲ့ဆောင်းပါးမှာ နောက်ကွယ်က ခြိမ်းခြောက်တဲ့သဘောတွေ တွေ့ရတဲ့အတွက်ဖြစ်ကြောင်းလည်း Mr. Crowley က ပြောပါတယ်။

တဆက်ထဲမှာလည်း မြန်မာအာဏာပိုင်တွေအနေနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ်ပေးဖို့၊ နိုင်ငံရေးလုပ်ငန်းစဉ်မှာ တိုင်းရင်းသားခေါင်းဆောင်တွေ အတိုက်ခံခေါင်းဆောင်တွေကို ပါခွင့်ပေးပြီး စစ်မှန်တဲ့ဆွေးနွေးမှုဖြစ်အောင် ဆောင်ရွက်ဖို့လည်း တောင်းဆိုလိုက်ပါတယ်။

အလားတူပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ် လုံခြုံရေးအတွက်စိုးရိမ်ကြောင်း ပြီးခဲ့တဲ့အင်္ဂါနေ့က အထက်လွှတ်တော်အမတ် Mitch McConnell က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

# ဒုဗိုလ်ချုပ်ကြီးဟောင်းတင်အေး လွှတ်တော်အမတ်အဖြစ်ကနုတ်ထွက်

**RFA ၊ ဖေဖော်ဝါရီ ၁၆ ။** ။ လက်ရှိစစ်အစိုးရရဲ့ထိပ်ပိုင်းကောင်စီဝင်တဦးဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးဟောင်းဦးတင်အေးဟာ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ပြည်သူ့လွှတ်တော်အမတ်အဖြစ်က တရားဝင်နုတ်ထွက်သွားပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် ဒီကနေ့ နေပြည်တော်မှာကျင်းပတဲ့ လွှတ်တော်အစည်းအဝေးမှာ ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်က ကြေညာခဲ့ပါတယ်။

တရားသူကြီးချုပ်ဖြစ်လာနိုင်သူရယ်လို့ ထင်ကြေးပေးခံခဲ့ရတဲ့ ဦးတင်အေးဟာ လွှတ်တော်ကပထမဆုံးနုတ်ထွက်သွားတဲ့ အမတ်ဖြစ်ပါတယ်။ သူနုတ်ထွက်သွားတဲ့အတွက် ဒီကနေ့ လွှတ်တော်တက်ရောက်တဲ့ကိုယ်စားလှယ်တွေအကြား တအံ့တသြဖြစ်ကြရတယ်လို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီရဲ့ အမျိုးသားလွှတ်တော်အမတ် ဖေကျော်မှာ ဦးခင်ရွှေကပြောပါတယ်။

"ဦးတင်အေးက မသိဘူး၊ ကျွန်တော်တို့က ဘယ်လိုနေရာပေးမလဲ မသိဘူး။ လောလောဆယ် ထွက်သွားတယ်ဆိုလို့ ကျွန်တော်တို့လည်းအံ့သြနေတယ်။ ပထမတုန်းကတော့ ပြောနေကြတာတော့ အမျိုးမျိုး ပြောနေကြတယ်။ သူ့ကို ဘယ်နေရာ ဘယ်နေရာ ဘယ်နေရာ ဘယ်နေရာဆိုပြီးတော့။ ပထမတော့ အသံတွေထွက်နေတာတော့ တရားသူကြီးချုပ်ဆိုပြီးတော့ အသံထွက်လာပြီးတော့။"

"အခုတော့ သူကဒီနေ့နုတ်ထွက်သွားတယ်။ မနေ့ကထိတက်သေးတယ်ဗျ။ သူက ဒီမနက်ပဲထွက်သွားတယ်ဆိုပြီးတော့ကျွန်တော်တို့ပြည်ထောင်စုလွှတ်တော်ကကြေညာသွားတယ်။အရင်တုန်းကကျွန်တော်တို့တက်ရောက်ခွင့်ရှိတဲ့လူ ၆၅၉ ဦးမှာ ၆၅၈ ဦးပဲ ရှိတော့တယ်တဲ့။ တဦးကထွက်သွားတယ်၊ ဒီလိုပဲ ကြေညာသွားတယ်။ လောလောဆယ်ထွက်သွားတယ်ဆိုလို့ ကျွန်တော်တို့လည်းအံ့သြနေတယ်။"

DSA စစ်တက္ကသိုလ် အမှတ်စဉ် ၈ သင်တန်းဆင်း ဒုတိယဗိုလ်ချုပ်ကြီးဟောင်းဦးတင်အေးဟာ လက်ရှိ နအဖစစ်ကောင်စီမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ပြီးရင် ဝါအရင့်ဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်။ လက်ရှိ နအဖစစ်အစိုးရကအစိုးရသစ်ကို အာဏာမလွှဲပြောင်းခင်မှာ ကောင်စီဝင်တဦးဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးဟောင်းဦးတင်အေးအခုလိုနုတ်ထွက်သွားတာဟာဗိုလ်ချုပ်မှူးကြီးသန်းရွှေကို အရှက်ခွဲကြောင်းပြသလိုက်တာဖြစ်တယ်လို့ ရန်ကုန်အခြေစိုက်လေ့ လာသူတွေက ပြောပါတယ်။

မကြာခင် ပေါ်ပေါက်လာတော့မဲ့အစိုးရသစ်မှာ သမတဖြစ်လာမဲ့ ဦးသိန်းစိန်ဟာ စစ်တက္ကသိုလ်အပတ်စဉ် ၉ ၊ ဒုတိယသမတ သီဟသူရ ဦးတင်အောင်မြင့်ဦးက အပတ်စဉ် ၁၂ ဖြစ်ပြီး လက်ရှိ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အပတ်စဉ် ၁၁ ဖြစ်ပါတယ်။

အခုလိုအစိုးရအဖွဲ့သစ်အတွက် ရာထူးခန့်ထားမှုတွေနဲ့ပတ်သက်လို့ စစ်ခေါင်းဆောင်တွေအကြား စစ်တက္ကသိုလ်သင်တန်းဆင်းတဲ့နှစ် လုပ်သက်အနအရင့်စတာတွေကိုမှုတည်ပြီး သဘောထားကွဲပြားမှုတွေပေါ်ပေါက်နေတယ်လို့လည်း နေပြည်တော်ရုံးချုပ်နဲ့နီးစပ်သူတွေက ပြောဆိုကြပါတယ်။

အစိုးရအဖွဲ့သစ်မှာ ကာကွယ်ရေးဦးစီးချုပ်ရာထူးအတွက် စစ်တက္ကသိုလ် အပတ်စဉ် ၁၉ ဆင်း ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ကိုခန့်အပ်ရေးကိစ္စကိုဆန့်ကျင်ခဲ့တဲ့ စစ်တက္ကသိုလ်အပတ်စဉ် ၁၈ ဆင်း ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေအမိန့် နဲ့ မကြာခင်ကပဲ နေအိမ်အကျယ်ချုပ်ချထားလိုက်တယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။

---

# နိုင်ငံရေးအကျဉ်းသားများ၏ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ

**DVB ၊ ဖေဖော်ဝါရီ ၁၈ ။** ။ အင်းစိန်ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသားတချို့ကျန်းမာရေးအခြေအနေ ဆိုးရွားနေပါတယ်။ ၂၀၀၇ ခုနှစ်က ထောင်ဒဏ် ၂၈ နှစ်ချခံရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုဉာဏ်လင်းထွန်းကို အစာအိမ်ရောဂါပိုဆိုးလာတဲ့အတွက် မနေ့က အပြင်ဆေးရုံထုတ်ပြခဲ့ပေမယ့် ထိရောက်တဲ့ ဆေးဝါးကုသမှု မရခဲ့ဘူးလို့ ထောင်နဲ့နီးစပ်သူတဦးက အခုလို ပြောပြပါတယ်။

"သူလက်ရှိဖြစ်တာက အစာအိမ်ရောဂါ၊ သူဖြစ်တာက ၅ နှစ်လောက်ရှိပြီ၊ ဒါပေမဲ့ အခုဖြစ်သွားတာက မနေ့က ထုတ်တယ်၊ ဆေးရုံထုတ်တာ သဃ်န်းကျွန်း စံပြဆေးရုံထုတ်တယ်။ ဒါပေမယ့် သူ့ကို ထောင်တွင်းဆေးရုံကနေ ပြီးတော့ လုပ်သင့်လုပ်ပေးရမယ့် အချက်အလက်တွေ ဆေးစစ်မှတ်တမ်းတွေ ဘာမှ မလုပ်ပေးဘူးလေ။ မလုပ်ထားတဲ့အတွက် ထောင်ကနေ အဲဒီထောင်က မလုပ်ပေးလိုက်တဲ့အတွက် အင်းစိန်စံပြဆေးရုံက ဘာမှ တာဝန်မယူဘဲနဲ့ သူ့ကို အင်းစိန်ထောင်ဆေးရုံကို ပြန်ပို့ပေးလိုက်တယ်ခင်ဗျ။ အခုဆိုရင် ကိုဉာဏ်ထွန်းလင်းဆိုရင် အစာအိမ်ရောဂါ တော်တော်ခံစားနေရတယ်ခင်ဗျ။"

အလားတူ ရန်ကုန် ဂျမ်းရှင်းအိတ်စင်တာ ပုံးပေါက်ခွဲမှုနဲ့ထောင်ချထားတဲ့ ကိုအောင်ချိုဦးမှာလည်း အိပ်ချိအိုင်ဗွီရောဂါ ရှိနေတဲ့အပြင် နှလုံးရောဂါလည်းခံစားနေရတယ်လို့ သိရပါတယ်။ အခုလောလောဆယ်လေဖြတ် ဝေဒနာခံစားနေရပြီး ကျန်းမာရေးအခြေအနေ ဆိုးရွားနေပေမယ့်စနစ်တကျ ဆေးကုပေးတာ မရှိဘူးလို့ ဆိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက ထောင်တွေဟာ နိုင်ငံရေးအကျဉ်းသားတွေကို အနုနည်းနဲ့ ညှဉ်းပမ်းသတ်ဖြတ်နေတဲ့ နေရာတွေဖြစ်နေတယ်လို့ ထောင်နဲ့နီးစပ်သူတဦးက အခုလို ပြောကြားသွားပါတယ်။

"အကျဉ်းသားတွေကို ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတော်တော်အားနည်းလာတာကိုတွေ့ရတယ်ခင်ဗျ။ ပိုက်ဆံပေးတဲ့ အသိုင်းအဝိုင်းလောက်သာဂရုစိုက်ပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေဆိုရင် သူတို့က ကူညီမှု၊ ကျန်းမာရေးစောင့်ရှောက်မှု တော်တော်လေး အားနည်းလာတာ တွေ့ရတယ်။ ကျနော့်အမြင် ပွင့်ပွင့်လင်းလင်းပြောရရင်တော့ နိုင်ငံရေးအကျဉ်းသားတွေကို အနုနည်းနဲ့သတ်နေတယ် လို့ပဲ ကျနော်ထင်ပါတယ်။ ကျနော်တို့ စိုးရိမ်တာ တခုတော့ရှိတာပေါ့ဗျာ။ အင်းစိန်ဆိုရင် ရန်ကုန်မြို့မှာရှိထားတဲ့ ထောင်တခုပေါ့။ အဲဒီလို ထောင်ကြီးကတောင်မှ အခု ဒီလို ကျန်းမာရေးစောင့်ရှောက်မှုနည်းနေတယ်ဆိုရင် နယ်ထောင်တွေဆို ကျနော်တို့ ထည့်စဉ်းစားစရာ မလိုတော့ဘူးခင်ဗျ။"

နိုင်ငံရေးအကျဉ်းသားတွေရဲ့ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေအကြောင်း ထောင်နဲ့ နီးစပ်သူတဦး ပြောပြသွားတာ ဖြစ်ပါတယ်။

# ငွေကို လမ်းခင်းတဲ့ တရုတ်လမ်းစဉ်

**VOA । ဖေဖော်ဝါရီ ၁၉ ။** ။ မြန်မာနိုင်ငံက ဘဏ္ဍာရေးနဲ့ အခွန်ဝန်ကြီးဌာနနဲ့ တရုတ်ပို့ကုန်သွင်းကုန်ဘဏ် Exim Bank တို့ ငွေချေးစာချုပ်တွေကို နေပြည်တော်မှာ လက်မှတ်ထိုးတဲ့သတင်းကို ဇန်နဝါရီလ (၂၈) ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှာ ဖော်ပြထားပါတယ်။

တရုတ်ဆီက ချေးယူထားတဲ့ ငွေပမာဏကိုတော့ မဖော်ပြပါဘူး။ တရုတ် Exim Bank ဟာ နိုင်ငံခြားကို ချေးငှားထားတဲ့ ငွေပမာဏကို ကြေညာလေ့မရှိပါဘူး။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလမှာ CDB (China Development Bank) တရုတ်ဖွံ့ဖြိုးရေးဘဏ်ကလည်း ဗမာစစ်အစိုးရဘဏ်ကို ဒေါ်လာသန်း ၂၄၀၀ ချေးဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့ပါသေးတယ်။ ကျောက်ဖြူ ယူနန်ဓါတ်ငွေ့ပိုက်လိုင်းဆောက်ဖို့ CDB တရုတ်ဖွံ့ဖြိုးရေးဘဏ်က ငွေထုတ်ချေးလိုက်တာလို့သိရပါတယ်။

လွန်ခဲ့တဲ့နှစ် စက်တင်ဘာလက တရုတ်ပြည်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေသွားရောက်စဉ်က တရုတ်အစိုးရက ယွမ်ငွေသန်း (သုံးသောင်း) ဒေါ်လာငွေ တန်ဖိုးသန်း (၄၂၀၀) အတိုးမယူဘဲ ဗမာစစ်အစိုးရကို ချေးငှားဖို့ သဘောတူခဲ့ပါတယ်။ ကမ္ဘာမှာ တရုတ်စီးပွားရေးစားကွက်ချဲ့ထွင်ရာမှာ Exim Bank နဲ့ CDB ဟာ အဓိကအခန်းက ပါဝင်နေပါတယ်။ ဒီဘဏ်တွေကို ၁၉၉၄ မှာ တည်ထောင်စဉ်က ငွေရင်း ဒေါ်လာသန်း အနည်းငယ်သာရှိခဲ့ပေမယ့် အခုတော့ ငွေရင်းဒေါ်လာသန်းပေါင်း သိန်းသန်းချီပြီး ရှိနေကြပါပြီ။ ဒီအထဲမှာ အာဖရိကနိုင်ငံတွေကို ချေးထားတဲ့ငွေက ဒေါ်လာသန်း (လေးသောင်း) လောက်ရှိနေပါတယ်။ အမေရိကန်ဘဏ်က အာဖရိကမှာ ရင်းနှီးထားတာ ဒေါ်လာသန်း (ရှစ်ထောင်) ပဲ ရှိပါသေးတယ်။

တရုတ်စီးပွားရေးနယ်ချဲ့ရာမှာ ငွေကို လမ်းခင်းပေးသူဟာ တရုတ် Exim Bank ဖြစ်ပါတယ်။ CDB တရုတ်ဖွံ့ဖြိုးရေးဘဏ်ကတော့ ပြည်တွင်းကိုအဓိကထားပါတယ်။ တရုတ်ပြည်မှာ ငွေစုလက်မှတ်အများဆုံးထုတ်တဲ့ ဘဏ်ဖြစ်ပြီး အမြတ်အစွန်းအရဆုံးလည်း ဖြစ်ပါတယ်။ နိုင်ငံခြားမှာ စီးပွားရေးလုပ်တဲ့ တရုတ်တွေကိုလည်း CDB တရုတ်ဖွံ့ဖြိုးရေးဘဏ်က ငွေကြေးထောက်ပံ့ပါတယ်။ ဥပမာ အာဖရိကတိုက်မှာ စီးပွားရေးလုပ်မယ့် တရုတ်ကုမ္ပဏီကို ငွေကြေးထောက်ပံ့ဖို့အတွက် တရုတ်-အာဖရိက ရန်ပုံငွေကို ၂၀၀၇ ခုနှစ်မှာ CDB တရုတ်ဖွံ့ဖြိုးရေးဘဏ်က တည်ထောင်ပါတယ်။ အခုဆိုရင် တရုတ်-အာဖရိကရန်ပုံငွေဟာ ဒေါ်လာသန်း (၅၀၀၀) ကျော်ရှိနေပါတယ်။ တရုတ်လုပ်ငန်းရှင်တွေ အာဖရိကမှာ လက်လီလက်ကားဆိုင်ဖွင့်ပြီး တရုတ်ကုန်ပစ္စည်းရောင်းချတာကိုလည်း ငွေကြေးထောက်ပံ့ပါတယ်။

၂၀၀၉ နဲ့ ၂၀၁၀ နှစ်နှစ်အတွင်းမှာ တရုတ် Exim ဘဏ်နဲ့ CDB တရုတ်ဖွံ့ဖြိုးရေးဘဏ်တို့က ဖွံ့ဖြိုးစနိုင်ငံတွေကို ထုတ်ချေးခဲ့တဲ့ ငွေပမာဏဟာ အနည်းဆုံး ဒေါ်လာသန်းပေါင်း တသိန်းတသောင်းရှိတယ်လို့ လန်ဒန်အခြေစိုက် Financial Times သတင်းစာက ဇန်နဝါရီလ (၁၇) ရက်နေ့က ဖော်ပြပါတယ်။ ဒါပေမဲ့ ဝါရှင်တန်အခြေစိုက် ကမ္ဘာဘဏ်ကတော့ ဒီအချိန်ကာလမှာ ဒေါ်လာသန်းတသိန်းသာ ချေးငှားနိုင်ခဲ့တဲ့အတွက် တရုတ်အစိုးရဘဏ်နှစ်ခုရဲ့ ငွေချေးပမာဏဟာ ကမ္ဘာဘဏ်ထက်များနေပါတယ်။ ထူးခြားတာကတော့ တချိန်ကဆိုရင် တရုတ် အစိုးရကိုယ်တိုင် ကမ္ဘာဘဏ်က ငွေချေးခဲ့ရတာပါ။ အခုတော့ ကမ္ဘာ့ဘဏ်နဲ့ တရုတ်ဘဏ်တွေ ပြိုင်ဆိုင်ငွေချေးပြီး ဩဇာညောင်းအောင်လုပ်နေသလို ဖြစ်နေပါတယ်။

တရုတ်အစိုးရပိုင် ကုမ္ပဏီရော တရုတ်ပုဂ္ဂလိက ကုမ္ပဏီရော အာဖရိကမှာခြေသွက်နေကြပါတယ်။ စီးပွားရေးအခြေခံ အဆောက်အအုံတည်ဆောက်မှု၊ သဘာဝသယံဇာတ ထုတ်လုပ်မှု၊ ကုန်သန်းရောင်းဝယ်မှုစတဲ့ လုပ်ငန်းတွေမှာ တရုတ်ကရင်းနှီးမြုပ်နှံထားပြီးစီးပွားရှာကြပါတယ်။ တရုတ်အစိုးရပိုင် ကုမ္ပဏီကြီးတွေဟာ သူတို့အလုပ်သမားတွေနဲ့အတူ ရောက်လာပြီးစီမံကိန်းတွေ အကောင်အထည်ဖော်ကြပါတယ်။ စီမံကိန်းပြီးသွားတဲ့အခါမှာ တရုတ်ပြည်မပြန်ဘဲ အလွတ်ကန်ထရိုက်တာအဖြစ် စီးပွားရေးဆက်လုပ်သူတွေလည်းရှိပါတယ်။ အာဖရိကတိုက်မှာအလုပ်လုပ်နေကြတဲ့ တရုတ်ရွှေ့ပြောင်း အလုပ်သမား တသန်းလောက်ရှိနိုင်တယ်လို့ ခန့်မှန်းကြပါတယ်။တရုတ် ကုမ္ပဏီဟာ တရုတ်အလုပ်သမားတွေကိုသာ အသုံးပြုတဲ့အတွက် ဒေသခံအာဖရိကတိုက်သားတွေ အလုပ်မရနိုင်တာဟာ ပြဿနာဖြစ်လာပါတယ်။

တရုတ်ဆီက ငွေယူတဲ့ အစိုးရတွေဟာ ပြုပြင်ရေးလုပ်စရာမလိုတဲ့အတွက် ရေရှည်မှာ တိုင်းပြည်အတွက် အကျိုးမရှိဘူးလို့ အမေရိကန်တက္ကသိုလ်က ဘောဂဗေဒပါမောက္ခ George Ayittey က သုံးသပ်ပါတယ်။ ဒီပုဂ္ဂိုလ်ဟာ ဂါနာ (Ghana) နိုင်ငံသားဖြစ်ပြီး စာအုပ်စာတမ်းအများအပြားရေးသားထားသူဖြစ်ပါတယ်။ ငွေကိုလမ်းခင်းပြီး လိုချင်တာယူတဲ့ တရုတ်စီးပွားရေးလမ်းစဉ်ကြောင့် ရေတိုမှာ အကျိုးခံစားနိုင်ပေမယ့် ရေရှည်မှာအကျိုးမရှိဘူးလို့ သူကမြင်ပါတယ်။ အကြောင်းကတော့ အနောက်တိုင်းဘဏ္ဍာရေးအဖွဲ့တွေလို စီးပွားရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲဖို့ တရုတ်က မတောင်းဆိုလို့ဘဲ ဖြစ်ပါတယ်။

ဥပမာ အန်ဂိုလာ (Angola) အစိုးရဟာ ရေနံကရရှိတဲ့ငွေတွေကို သုံးဖြုန်းပစ်ပြီးတဲ့နောက် ဝါရှင်တန်ဒီစီ အခြေစိုက် IMF (International Monetary Fund) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှာ ဒေါ်လာသန်း (၂၀၀၀) ချေးဖို့ ကြိုးစားခဲ့ပါတယ်။ ငွေမချေးခင် ရေနံကရရှိခဲ့တဲ့ငွေတွေကို ဘယ်လိုသုံးပစ်ကြောင်း အရင်ဆုံးရှင်းပြဖို့ IMF က တောင်းဆိုပါတယ်။ အဲဒီအခါကြတော့ Angola အစိုးရကတရုတ်ဆီကချေးယူလိုက်ပါတယ်။ တရုတ်ကတော့ အကြွေးကို ရေနံနဲ့ ပြန်ဆပ်ဖို့သာ ပြောဆိုပါတယ်။ အကျင့်ပျက်အစိုးရကို ပြုပြင်ပြောင်းလဲဖို့ စိတ်မကူးပါဘူး။ ဒါကြောင့်မို့ ဖောက်ပြန်နေတဲ့ အစိုးရကြီးစိုးရာ နိုင်ငံတွေမှာ တရုတ်ဟာ ငွေကိုလမ်းခင်းပြီး စီးပွားရှာနိုင်တာဖြစ်ပါတယ်။

# မြို့နယ်အချို့မှ အဖွဲ့ချုပ်ဝင်များ၏ ကွန်ရက်ဆောင်ရွက်မှုများ

**DVB ၊ ဖေဖော်ဝါရီ ၁၈ ။** ။ လူမှုရေးအခြေခံတဲ့ နိုင်ငံရေးလုပ်ငန်းဆောင်ရွက်ရေးဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရည်ရွယ်ချက်အတိုင်းမြို့နယ်တချို့က အဖွဲ့ချုပ်ဝင်တွေကလည်း အကောင်အထည်ဖော် ဆောင်ရွက်နေကြပါတယ်။ ပဲခူးတိုင်း သနပ်ပင်မြို့နယ်အဖွဲ့ချုပ်ကတော့ ပညာရေး၊ ကျန်းမာရေးနဲ့ တောင်သူလယ်သမားအရေးတွေကို ကူညီဖြေရှင်းပေးနိုင်ဖို့အတွက် ကွန်ရက်သဖွယ် ဆက်သွယ်ဆောင်ရွက်သွားဖို့ ဒီကနေ့ စည်းအဖွဲ့ဝင်တွေ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

ပထမဆုံး ဆယ်တန်းစာမေးပွဲပြီးတဲ့အခါ အခမဲ့ အင်္ဂလိပ်စာသင်တန်း ဖွင့်ဖို့စီစဉ်နေပြီး ကျောင်းသားမိဘတွေကို လိုက်လံရှင်းပြနေတဲ့အကြောင်း မြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူးကိုသိန်းဒန်က အခုလို ပြောပြပါတယ်။

“ကွန်ရက်ကို ကျနော်တို့က မိဘတွေကိုရော ရှင်းပြရတဲ့ အနေအထားတွေတော့ရှိတယ်လေ။ ဒီဥစ္စာက ကျနော်တို့က ကွန်ရက်သဘောမျိုး နိုင်ငံရေးပါတီတခုကနေပြီးတော့ ဦးဆောင်ပြီးတော့ နိုင်ငံရေး၊ ရှင်းရှင်းပြောရရင်တော့ နိုင်ငံရေးပါတီထဲကို ကျနော်တို့က တနည်းနည်းနဲ့ ဒီကလေးတွေကို သွင်းမယ်ဆိုတဲ့ စိုးရိမ်စိတ်မျိုးမရှိအောင် ကျနော်တို့က သေချာရှင်းပြတာ၊ ဒါကလေးတွေကို ပညာရေးတိုးတက်အောင် အာဏာပိုင်တွေကနေပြီးတော့ ပညာရေးကို ဖိနှိပ်ထားတယ်၊ ပညာရေးကဏ္ဍကို ဖျက်စီးထားတယ်။ ဒါကို ကျနော်တို့က ကျနော်တို့ လူငယ်တွေကို ပညာရေးကဏ္ဍကိုမြှင့်တင်ပေးတာ။ “

ဒီခေတ်မှာ အင်္ဂလိပ်စာ မတတ်လို့ မဖြစ်ဖူးပေ့ါနော်။ အင်္ဂလိပ်စာ လိုအပ်လာပြီ၊ ဒီကလေးတွေကို ကျနော်တို့က ဒါကိုသင်ပေးမှာ။ ဒါ နိုင်ငံရေးနဲ့ဘယ်လိုမှ မဆိုင်ဘူးပေ့ါနော်။ ပါတီကိစ္စမဟုတ်ဘူးပေ့ါနော်။ အဲ ဒီလို ကျနော်တို့က ရှင်းပြတော့ မိဘတွေကလည်း သဘောတူတယ်။ သူတို့ကလေးတွေကို ဖွင့်ရင်ပေးတက်မယ် ပေ့ါနော် အဲဒီလိုတော့ရှိတယ်။”

သနပ်ပင်မြို့နယ်အတွင်းက တောင်သူလယ်သမားတွေအထဲမှာ ငွေရှင်ကြေးရှင်တွေဆီ လယ်မြေတွေ ထိုးအပ်လိုက်ရတဲ့အထိ ဒုက္ခရောက်နေရသူတွေရှိကြောင်းနဲ့ ဒီကိစ္စတွေကို အသေးစိတ် ကွင်းဆင်းလေ့လာပြီးကူညီဖြေရှင်းပေးသွားမယ်လို့လည်း ကိုသိန်းဒန်က ပြောပါတယ်။ မကွေးတိုင်း ရေနံချောင်းမြို့နယ်က အဖွဲ့ချုပ်ဝင်တွေကတော့ ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက် မှုအတွက် အကူညီပေးနေတယ်လို့ ဒီကနေ့ပဲ ကျေးလက်ဒေသ ကနေပြန်လာတဲ့ မြို့နယ်စည်းအဖွဲ့ဝင် ဒေါ်ခင်စောဌေးက ပြောပါတယ်။

“ကျေးလက်မှာ မွေကိုက်တဲ့ကလေးက မတတ်နိုင်တော့ဘယ်လိုခေါ် မလဲကျောက်ကပ်ဆေးတာကိုပဲလေ သုံးလေးသိန်းကုန်တောင်အသက်မမှီလိုက်ဖူးပေ့ါနော်၊ ကျန်းမာရေးကူညီစောင့်ရှောက်တဲ့ အသင်းလေးတွေအန်တီတို့ဖွဲ့ထားတဲ့ ကလေးတွေကို ငွေထပ်သွားလှူရင်းပေ့ါနော်။ ကျောက်ကပ် အဆိပ်သင့်တာပေ့ါနော်။ ခုတော့ ဆုံးသွားတယ် အဲဒီကလေးက။ အဲဒါကိုလည်း ၅ သောင်းပေ့ါ။ အန်တီတို့ဆီမှာ လာပြီးတော့ အကူအညီတောင်းတဲ့လူတွေ အားကြီးပဲ၊ အခုတောင်မှ တယောက်က အရိုးကင်ဆာပေ့ါနော် အဲဒီကဟာကလည်း လက်ဖြတ်ထားတဲ့ဟာကလည်း အလှူငွေလာပြီးတော့ ပြောတယ် တော်တော်ဆင်းရဲရှာတာ။ ဒါလေးတွေကို အန်တီတို့အနေနဲ့ အဖွဲ့သားတွေနဲ့ ပေ့ါနော် အဖွဲ့သားတွေက တတ်နိုင်သမျှ ကူညီ စောင့်ရှောက်ရတာပေ့ါ။”

ကျန်းမာရေး အကူညီပေးတဲ့လုပ်ငန်းအပြင် နိုင်ငံရေးအသိပညာပေးဟော ပြောပွဲတခုကိုလည်း ပြုလုပ်နေတယ်လို့ ဒေါ်ခင်စောဌေးက ဆိုပါတယ်။

“ဒေါ်စုရဲ့က ရည်မှန်းချက်က ကွန်ယက်ဖွဲ့တယ် ဆိုသလောက်တော့ ဒါတွေက လူတိုင်းလူတိုင်းဟာ နိုင်ငံရေးအသိပညာလည်း ကြွယ်ဝအောင်လို့ ကိုယ်ကလည်း သူတို့မေးတဲ့ မေးခွန်းကိုဖြေသလို သူတို့ကလည်း သူတို့သိတာကို သူတို့ပြောစေပေ့ါနော်။ အသိပညာ ဖလှယ်တဲ့ လုပ်ငန်းတွေ လုပ်ဖို့။ အကြောင်းအချုဖ္ဖ၅ဖြး ဥပမာအားဖြင့် အီဂျစ်ကတော့ ဒီမိုကရေစီရသွားပြီဆိုရင် ဒါစစ်တပ်က လူဘက်က ပါလို့ဖြစ်တဲ့အကြောင်း၊ အဲဒီလိုလေးတွေပေ့ါ သူတို့ကလည်း သူတို့ကြားလာတဲ့ ဟာလေးတွေကို သူတို့က မသိရင်မေးတာလေးတွေလည်း ပါတယ်။ ”

“သူတို့ ဆွေးနွေးခန်းတွေ သူတို့ဟာသူတို့လည်း ထဆွေးနွေးခိုင်းတယ်။ နောက် အခု Our Leader ဆိုပြီးတော့ တို့ခေါင်းဆောင်ဆိုတာကို အတွဲ ၁ – ၂ – ၃ နဲ့ ရန်ကုန်က မိတ်ဆွေတွေက ပို့ကြတာ၊ အဲဒါတွေကို အန်တီတို့က ထပ်ဖြန့်ဖြူးတယ်ပေ့ါ၊ ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးတင်ဦးတို့၊ ဦးဝင်းတင်တို့ မီဒီယာတွေမှာ အမေးအဖြေလေးတွေ အဲဒါလေးတွေကို နားမထောင်ရတဲ့ လူတွေလည်း ဖတ်ရအောင် အဲဒါ အန်တီက တတ်နိုင်သမျှ ကျေးလက်ကိုလည်း ပို့ပေးပါတယ်။”

သူ့ရဲ့နေအိမ်မှာ ၂ ပတ်တကြိမ်ပြုလုပ်တဲ့ နိုင်ငံရေးအသိပညာပေး ဟောပြောပွဲမှာ မြို့နယ်အဖွဲ့ချုပ် စည်းအဖွဲ့ဝင်တွေက အလှည့်ကျရှင်းပြနေပြီး အနည်းဆုံး လူ ၄၀ လောက်အထိ တက်ရောက်တယ်လည်း ဒေါ်ခင်စောဌေးက ပြောပါတယ်။

---

## နုတ်ထွက်သွားတဲ့ ဒုဗိုလ်ချုပ်ကြီးဟောင်းတင်အေး ကို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အမည်စာရင်းတင်သွင်း

**RFA ၊ ဖေဖော်ဝါရီ ၁၇ ။** ။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအမတ်အဖြစ်က နေမနေ့ကနုတ်ထွက်သွားတဲ့ ဒုတိယဗိုလ်ချုပ်ကြီးဟောင်းတင်အေးကို သမတဦးသိန်းစိန်က ပြည်ထောင်စုရွေးကောက်ပွဲကော်မစ်ရှင်ဥက္ကဌ အဖြစ်ခန့်အပ်ဖို့ ဒီကနေ့ အမည်စာရင်းတင်သွင်းလိုက်ပါတယ်။

မနက်ဖြန်မှာအတည်ပြုမှာဖြစ်ကြောင်း သိရပါတယ်။ လွှတ်တော်မှာ ဒီကနေ့ဆွေးနွေးတာနဲ့ပတ်သက်ပီး NDF ကိုယ်စားလှယ် ဦးစိုးဝင်း အခုလိုအတည်ပြုပြောဆိုပါတယ်။

“ရွေးကောက်ပွဲကော်မစ်ရှင်ဥက္ကဌအဖြစ်အဆိုတင်သွင်းပါတယ်။ ဦးတင်အေးပေ့ါ။ သူ့ပညာအရည်အချင်းကတော့ BADSC ပေ့ါဗျာ။ အသက်က ၆၅ နှစ်ဆိုပြီးတော့ ဒါကိုတင်ပေးတာပဲရှိပါတယ်။ ကန့်ကွက်ချင်တယ်ဆိုရင် ဒီကနေ့ ကန့်ကွက်ဖို့ပေ့ါဗျာ။”

လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်နေတဲ့ဦးသိန်းစိုးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် လစ်လပ်သွားတဲ့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနေရာမှာ ဦးတင်အေးကိုခန့်အပ်တာဖြစ်တယ်လို့ နေပြည်တော်ရှိလွှတ်တော်အသိုင်းအဝိုင်းက ပြောဆိုပါတယ်။

ဒီကနေ့ လွှတ်တော်မှာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဌ အမည်တင်သွင်းတဲ့ကိစ္စတစ်ခုသာဆွေးနွေးခဲ့ပြီး ကျင်းပချိန်ဟာ ၁၅ မိနစ်လောက်ပဲကြာမြင့်ပါတယ်။ မနက်ဖြန်မနက် ၁၁ နာရီမှာ လွှတ်တော်ပြန်လည်ကျင်းပဖို့ခေါ်ယူထားကြောင်း သိရပါတယ်။

# အောင်လံမြို့တွင် လယ်ယာမြေ ၃ သောင်းနီးပါး စစ်တပ်က အတင်းအဓမ္မသိမ်း

**DVB।ဖေဖော်ဝါရီ၁၈။** ။ အာဏာပိုင်တွေနဲ့နီးစပ်တဲ့ စီးပွားရေးကုမ္ပဏီတွေက ဒေသခံတွေရဲ့လယ်ယာမြေကို သိမ်းယူတဲ့သတင်းအပြီးမှာ စစ်တပ်အာဏာပိုင်တွေက ဒေသခံတွေရဲ့လယ်ယာမြေသိမ်းတဲ့သတင်းကိုလည်းတင်ပြလိုပါတယ်။

မကွေးတိုင်း အောင်လံမြို့နယ်မှာလည်း စစ်လက်နက်ထုတ်လုပ်ရေး စက်ရုံ (ကပစ) က ဒေသခံတွေရဲ့ လယ်ယာမြေဧက ၃ သောင်းနီးပါးကို သိမ်းယူထားတဲ့အတွက် ရန်ကုန်ရှိ အိုင်အယ်လ်အိုကို တိုင်တန်းထားတယ်လို့ရန်ကုန်ရှိ အိုင်အယ်လ်အို တိုင်တန်းရေးကွန်ရက်က ပြောပါတယ်။ သိမ်းယူတဲ့ယာမြေတွေဟာ အောင်မြေကုန်း၊ ကွင်းလှအပါအဝင် ရွာပေါင်း ၁၃ ရွာကလယ်ယာမြေတွေဖြစ်ပြီး မနှစ်မေလက သိမ်းယူထားတယ်လို အောင်လံမြို့ကလယ်သမား ဦးသန်းစိုးက ပြောပါတယ်။ အစိုးရစီမံကိန်းစက်ရုံတည်ဆောက်ဖို့ အကြောင်းပြပြီး ကပစစက်ရုံမှူးဗိုလ်မှူးညိုမြင့်နဲ့အဖွဲ့က ဒီလယ်ယာမြေတွေပေါ်မှာမိုးသီးနှံစိုက်ဖို့ထွန်ရေးပြင် ရှင်းလင်းနေတယ်လို့လည်း ဦးသန်းစိုးက အခုလိုပြောပါတယ်။

“အဲဒီ ၃ ရွာလုံးက တောင်သူလယ်သမားတွေကနေ အိုင်အယ်လ်အိုရုံးမှာတိုင်းကြားကြတယ်။ သူတို့ရဲ့အမှုကလည်း စစ်တပ်ရဲ့ဒီအဓမ္မခိုင်းစေမှုတွေမှာ စစ်တပ် စတည်ကတည်းက မျောတွေ ခုတ်ပေးရတာ၊ သူတို့ အဆောက်အဦးတွေဆောက်ဖို့အတွက် သစ်ဝါးတွေ ခုတ်ပေးရတာတွေ၊ အဲဒါတွေရှိခဲ့တာကိုဗျ။ အိုင်အယ်လ်အိုမှာ ကျနော်တို့တိုင်ခဲ့တယ်။ တိုင်ကြားခဲ့တဲ့အခါကျ အိုင်အယ်လ်အိုကနေပြီးတော့ ဒီအမှုကို စုံစမ်းစစ်ဆေးပြီးတော့ အိုင်အယ်လ်အိုအရာ ရှိကိုယ်တိုင် ကွင်းဆင်းစစ်ဆေးပြီးကာမှ အခုနောက်ပိုင်းကျတော့ ဗိုလ်မှူးညိုမြင့် ပေါ့ဗျာ။ စက်ရုံမှူး သူဦးစီးပြီးတော့ပေါ့ဗျာ။ သူ့ရဲ့အောက်လက် ငယ်သားတွေအားလုံးက အခု တောင်သူလယ်သမားတွေရဲ့ လယ်ယာမြေတွေကို အတင်းအဓမ္မကိုပဲ သူတို့က စက်တွေနဲ့ ခုတ်ထယ်ရေးတွေ လုပ်ပေါ့ဗျာ။ ထယ်ရေးတွေလုပ်ပြီးတော့ တခါတည်းကို သူတို့က အတင်းလယ်ယာမြေတွေကို သိမ်းယူမယ်ဆိုတဲ့သဘောကို ရောက် နေတဲ့အတွက် ကျနော်တို့က အိုင်အယ်လ်အိုရုံး အရာရှိကို တင်ပြတာပေါ့။”

ဒီလယ်ယာသိမ်းမှုကို ရန်ကုန်ရုံးခွဲ အိုင်အယ်လ်အိုဆီ အခုနှစ် ဇန်နဝါရီလကပဲ တင်ပြထားတယ်လို့ ဦးသန်းစိုးက ပြောပြပါတယ်။ ရွာပေါင်း ၁၃ ရွာက ဒေသခံတောင်သူတွေဟာ ဝါ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲ စတဲ့ သီးနှံတွေကို ဘိုးစဉ်ဘောင်ဆက်စိုက်ပျိုးလာပြီး၊ အခုချိန်မှာ အလုပ်အကိုင်မရှိ လယ်မဲ့ယာမဲ့ဘဝရောက်နေပြီလို့ဦးသန်းစိုးကပြောပါတယ်။ အစိုးရစီမံကိန်းစက်ရုံတည်ဆောက်မှုဟာလည်း လွန်ခဲ့တဲ့ ၁၉၉၉ ကတည်း ပြီးစီးခဲ့ပြီလို့ ဦးသန်းစိုးက အခုလိုပြောပြပါတယ်။

“သူတို့ ၁၉၉၉ မှာ ရောက်လာတာကတော့ မြေဧက ၅၀၀ ကျော် သိမ်းယူပြီးတော့ သူတို့ စက်ရုံတည်ဆောက်တယ်ဗျ။ သူတို့ လုပ်တာကတော့ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး စစ်တပ်လို့ ပြောတာပဲဗျာ။ ဒါအရပ်သားတော့မဖြစ်နိုင်ဘူးပေါ့၊ အဲဒီဧရိယာကတော့ သက်သက် ကျနော်တို့ ဘယ်လိုမှ မသိနိုင်တဲ့ကိစ္စပါ။ အခုဟာက တောင်သူ့မြေတွေကို အကုန်လုံးကို မြေတွေပေါ့ဗျာ။ နှမ်းတွေ၊ ပဲတီ စိမ်းတွေစိုက်ထားတဲ့ထဲကို ကျူးကျော်ပြီးတော့ ဒုတ်တိုင်တွေစိုက်ပြီးတော့ ဒါ တပ်နယ်မြေဆိုပြီး အဲဒီ ဒုတ်တိုင်တွေကလည်းပဲ တနှစ်တခါ ရွှေ့လျားနေတာပေါ့ဗျာ။”

မြန်မာနိုင်ငံရဲ့ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် စစ်အစိုးရက ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် အိုင်အယ်လ်အိုနဲ့ သဘောတူစာချုပ် ချုပ်ဆိုနေပေမယ့် မြေသိမ်းမှု၊ အဓမ္မခိုင်းစေမှုတွေက လျော့နည်းသွားတာမရှိပါဘူး။ ဒါဟာ လူထုအတွင်း အသိပညာပေးမှုထက် ဒါတွေကိုကျူးလွန်သူတွေကို ထိထိရောက်အရေးယူပေးဖို့ လိုနေတယ်လို့ရန်ကုန် ရှိ အိုင်အယ်လ်အို တိုင်တန်း ရေးကွန်ရက်ကရော ဒေသခံတွေကပါ တောင်းဆိုနေပါတယ်။

# ဆိုက်ကားသမားများထံမှ ကျပ်သိန်း ၄၀ ကျော် စည်ပင်က လိမ်ကောက်ခံ

**MIZZIMA । ဖေဖော်ဝါရီ ၁၈ ။** ။ ဧရာဝတီတိုင်း မြောင်းမြမြို့ရှိဆိုက်ကား ၁၁၄၀ စီးထံမှ အခွန်ငွေ ကျပ်သိန်း ၄၀ ကျော်ကို စည်ပင်နှင့် ဆိုက်ကားယာဉ်အသင်း တာဝန်ရှိသူများက လိမ်လည်ကောက်ခံသည်ဟုစွပ်စွဲကာ ဆိုက်ကားသမားများက မြို့နယ်ကောင်စီသို့တိုင်ကြားထားကြောင်း စုံစမ်းသိရှိရသည်။

မြို့နယ်စည်ပင်ဒုအခွန်ဦးစီးမှူးဒေါ်လှလှမြင့်၊ ဆိုက်ကားယာဉ်အသင်းဥက္ကဋ္ဌ ဦးမောင်လတ်နှင့် အတွင်းရေးမှူး ဦးကျော်ကျော်တို့က ဆိုက်ကားသမား ၁၁၄၀ ထံမှ တနှစ်စာ စုစုပေါင်း ကျပ်သိန်း ၄၀ ကျော် လိမ်လည်ကောက်ခံသည်ဟု ဆိုက်ကားသမားများက သက်သေခံ စာရွက်စာတမ်းများဖြင့် တိုင်ကြားခဲ့ကြောင်း သိရှိရခြင်းဖြစ်သည်။

“ဆိုက်ကားသမား တထောင်ကျော်အတွက် သူတို့အထဲက ၄ ဦးက ငွေလက်ခံစာရွက်တွေ၊ တိုင်စာတွေနဲ့ အတိအကျ လာတိုင်တယ်။ ဥက္ကဋ္ဌကြီးဦးတင့်နိုင်ကလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ပြီး၊ လာမယ့်အပတ်ထဲမှာ ဝင်စစ်ပေးမယ်လို့ မနေ့က ပြောလိုက်တယ်” ဟု မြို့နယ် မယက ရုံးဝန်ထမ်းတဦးက မဇ္ဈိမကို ပြောသည်။

ဆိုက်ကားသမားများထံမှ လိုင်စင်ကြေးနှင့် ဘီးခွန်ကြေးသတ်မှတ်ခအဖြစ် စည်ပင်နှင့် ဆိုက်ကားယာဉ်အသင်းသို့ဆိုက်ကားစီးလျှင်ကျပ် ၁၃၈၀၀ ဖြစ်သော်လည်း ဒေါ်လှလှမြင့်နှင့် ဦးမောင်လတ်၊ ဦးကျော်ကျော်တို့က တစီးလျှင် ၁၇၈၀၀ နှုန်းကောက်ခံသဖြင့် ဆိုက်ကားသမားက တိုင်တန်းခြင်း ဖြစ်သည်။

တိုင်စာကို ဆိုက်ကားသမားများဖြစ်ကြသည့် ကိုစိုးမြင့်၊ ကိုစိန်သန်း၊ ကိုညွန့်တင်၊ ကိုကျော်မြင့်တို့က လက်မှတ်ထိုးကာ၊ သက်သေခံ စာရွက်စာတမ်းများနှင့်အတူ မယက သို့ တိုင်တန်းခဲ့သလို၊ ဧရာဝတီတိုင်းစည်ပင်သာယာဌာနသို့ပါ တိုင်တန်းခဲ့သည်။

တိုင်တန်းမှုသည် ယခုမှသာ မဟုတ်ဘဲ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလဆန်းတွင်လည်း ဧရာဝတီတိုင်း စည်ပင်သာယာဌာနသို့ တိုင်တန်းခဲ့ပြီး တိုင်းစည်ပင်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့ကာ ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့ တကြိမ်နှင့် ယခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့က တိုင်စာအရ စာရင်းစစ်ရုံး၏ ညွှန်ကြားမှုဖြင့် မြောင်းမြခရိုင် စာရင်းစစ်ရုံးမှလည်း တကြိမ်လာရောက်စစ်ဆေးခံခဲ့ရသည်ဟု မြောင်းမြမြို့နယ် စည်ပင်ဝန်ထမ်းတဦးက ပြောသည်။

ယခုလ ပထမ အပတ်ထဲတွင် တိုင်းစည်ပင်၏ ညွှန်ကြားချက်ဖြင့် ဒေါ်လှလှမြင့်ကို ဝါးခယ်မမြို့နယ် စည်ပင်သာယာဌာနသို့ နေရာပြောင်း၍ တာဝန်ပေးလိုက်ပြီးဖြစ်ကာ၊ စစ်ဆေးမှုများ ပြုလုပ်သည့်အခါ မြောင်းမြသို့ ပြန်လာရမည်ဖြစ်သည်။

ဆိုက်ကားယာဉ်အသင်းတွင် ဥက္ကဋ္ဌဦးမောင်လတ်နှင့် အတွင်းရေးမှူးဦးကျော်ကျော်တို့သည် စည်ပင်ဝန်ထမ်းများ ဖြစ်ပြီး၊ ၎င်းတို့၏

**စာမျက်နှာ ၁၄ သို့**

# အီးယူပိတ်ဆို့မှုကို ဆက်ထားရန် ဒေါ်အောင်ဆန်းစုကြည်က ပြောကြား

**VOA । ဖေဖော်ဝါရီ ၁၇ ။** ။ မြန်မာနိုင်ငံမှာ တကယ်စစ်မှန်တဲ့ ပြောင်းလဲမှုတွေ မဖြစ်ပေါ်သေးတဲ့အတွက် ဥရောပသမဂ္ဂက လက်ရှိစစ်အစိုးရအပေါ် ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေကို မရုပ်သိမ်းသင့်သေးဘူးလို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။ မြန်မာ့အရေးထောက်ခံအားပေးကြတဲ့ ဆွီဒင်နိုင်ငံရေးသမားတွေ၊ နိုင်ငံသားတွေနဲ့ မြန်မာ့အရေးတက်ကြွလှုပ်ရှားသူတွေ မနေ့က စုပေါင်းကျင်းပခဲ့တဲ့ မြန်မာ့အရေးဆွေးနွေးပွဲကို တယ်လီဖုန်းကတဆင့် ပါဝင်ဆွေးနွေးရင်းဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောကြားခဲ့တာပါ။ အပြည့်အစုံကို ကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

မနေ့ကပြုလုပ်တဲ့ ဆွီဒင်နိုင်ငံက လွှတ်တော်အမတ်တွေ၊အလုပ်သမားသမဂ္ဂ အဖွဲ့ဝင်တွေ၊ သတင်းထောက်တွေနဲ့ မြန်မာ့အရေးတက်ကြွလှုပ်ရှားသူတွေပါဝင်တဲ့ မြန်မာ့အရေးဆွေးနွေးပွဲကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တယ်လီဖုန်းကတဆင့် ပါဝင်ဆွေးနွေးပြီး သူမကိုမေးတဲ့ မေးခွန်းတွေကို ပြန်လည်ဖြေကြားခဲ့တာပါ။

အခုလို ဆွေးနွေးပွဲ ဖြစ်မြောက်ရေးနဲ့ ဒေါ်အောင်ဆန်းစုကြည် ပါဝင်ဆွေးနွေးနိုင်ရေးအတွက် ဦးဆောင် ကြိုးပမ်းပေးခဲ့သူကတော့ ဆွီဒင် Social Democratic ပါတီက လွှတ်တော်အမတ်လည်းဖြစ်၊ လွှတ်တော်နိုင်ငံခြားရေးရာ ကော်မတီဝင်လည်းဖြစ်တဲ့ အိုလေးသိုရဲလ် (Olle Thorell) ဖြစ်ပါတယ်။

"ဒီဆွေးနွေးပွဲကို ဒေါ်အောင်ဆန်းစုကြည်လည်း တယ်လီဖုန်းကတဆင့် တိုက်ရိုက်ပါဝင်ဆွေးနွေးပြီး မေးခွန်းတွေကို ဖြေကြားခဲ့ပါတယ်။ EU ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဒီမိုကရေစီအရေး တိုက်ပွဲဝင်မှုတွေအတွက် တညီတညွတ်တည်း ရပ်တည်ပြောဆိုတာမျိုးကို လိုလားတဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

"မြန်မာနိုင်ငံအပေါ် လတ်တလော ချမှတ်ထားတဲ့ ပိတ်ဆို့အရေးယူမှုတွေ ပြန်ရုပ်သိမ်းရေးအတွက် ပြောဆိုသံတွေ ထွက်နေတဲ့အပေါ်၊ အထူးသဖြင့် ဂျာမဏီနဲ့ အီတလီနိုင်ငံတို့က ပြောဆိုနေတာတွေအပေါ် သူမအနေနဲ့ စိုးရိမ်ပူပန်တဲ့အကြောင်း ပြောပါတယ်။ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့အပြောင်းအလဲတွေမဖြစ်လာသေးတဲ့အပြင် နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော် ပြန်မလွတ်သေးသ၍ ဒီပိတ်ဆို့မှုတွေအကြောင်း ပြောဆိုဆွေးနွေးဖို့မသင့်သေးဘူးဆိုတာကိုဒေါ်အောင်ဆန်းစုကြည်က ပြတ်ပြတ်သားသား ပြောခဲ့ပါတယ်။"

မစ္စတာ အိုလေးသိုရဲလ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ် သောကြာနေ့ကပဲ ဒေါ်အောင်ဆန်းစုကြည်ကို သူတို့ပါတီက နိုင်ငံခြားရေးရာပြောခွင့်ရပုဂ္ဂိုလ်နဲ့အတူ ရန်ကုန်မှာ သွားရောက်တွေ့ဆုံခဲ့သူ ဖြစ်ပါတယ်။ ရန်ကုန်မှာဒေါ်အောင်ဆန်းစုကြည်နဲ့တနာရီလောက်တွေ့စဉ်မှာလည်း အလားတူ ပိတ်ဆို့အရေးယူမှုနဲ့ ဆိုင်တဲ့ ကိစ္စရပ်တွေကိုပဲ အဓိကထားဆွေးနွေးခဲ့ကြတယ်လို့ ဆိုပါတယ်။

သူ့ရဲ့ မြန်မာနိုင်ငံခရီးစဉ်နဲ့ပတ်သက်လို့ မနေ့ကပဲ ဆွီဒင်နိုင်ငံလွှတ်တော်ရဲ့ နိုင်ငံခြားရေးကော်မတီမှာဆွေးနွေးမှုတွေ လုပ်ခဲ့တယ်လို့ မစ္စတာသိုရဲလ်က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ အကြောင်းအရာတွေကို ဒီဆွေးနွေးပွဲမှာ ကျနော်နဲ့ ကျနော်တို့ပါတီက နိုင်ငံခြားရေးရာ ပြောခွင့်ရပုဂ္ဂိုလ်တို့က ပြန်လည် တင်ပြခဲ့တာပါ။ မြန်မာနိုင်ငံမှာ ပြောင်းလဲမှုတွေ မဖြစ်ပေါ်မချင်း EU အနေနဲ့ ပိတ်ဆို့အရေးယူမှုတွေကို ဒီအတိုင်းဆက်ထားတဲ့ EU ဘုံမူဝါဒ ဆက်လက် တည်ရှိနေရေး ကျနော်တို့ရဲ့တောင်းဆို ပြောပြချက်တွေကို အလေးပေး စဉ်းစားမယ်ဆိုတာ နိုင်ငံခြားရေးဝန်ကြီးက ကျနော်တို့ကို ပြန်လည် ဖြေကြားခဲ့ပါတယ်။"

ဒါပေမဲ့ ဒီကိစ္စကို ဆွီဒင်အစိုးရအနေနဲ့ ဘယ်လိုအကောင်အထည်ဖော်သွားမယ်ဆိုတာကိုတော့ အတိအကျ မသိရသေးဘူးလို့ မစ္စတာ သိုရဲလ်က ပြောပါတယ်။

တခြားနိုင်ငံတွေက မြန်မာနိုင်ငံအပေါ်ထားတဲ့ သဘောထား ဘယ်လိုပဲ ပြောင်းလဲနေပါစေ၊ ဆွီဒင်အစိုးရနဲ့ ဆွီဒင်နိုင်ငံသားတွေဟာ မြန်မာ့ဒီမိုကရေစီအရေးကို အရင်လိုပဲ ဆက်လက်ထောက်ခံအားပေးသွားမှာပါလို့ သူက ဆက်ပြောပါတယ်။

"ဆွီဒင်နဲ့ တခြား စကန်ဒီနေးဗီးယားတိုင်းပြည်တွေက မြန်မာနိုင်ငံအပေါ်ထားတဲ့ သဘောထားကတော့ အစောကြီးကတည်းကပြတ်သားပြီးသားပါ။ အဲဒါကတော့ မြန်မာနိုင်ငံ ဒီမိုကရေစီအရေးလှုပ်ရှားသူတွေဘက်က အစဉ်အမြဲရပ်တည်သွားပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ တောင်းဆိုချက်တွေဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားတွေ အားလုံးလွှတ်ပေးရေး၊ စစ်တပ်အပါအဝင် သက်ဆိုင်သူအားလုံး ပါဝင်တဲ့တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်ဖို့စတဲ့ တောင်းဆိုချက်တွေကို ထောက်ခံသွားမယ်ဆိုတာပါပဲ။"

မြန်မာနိုင်ငံမှာ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ အတွင်းကရွေးကောက်ပွဲကျင်းပပြီး အစိုးရသစ်တရပ် ပေါ်ထွက်လာဖို့ တဖြည်းဖြည်းနီးကပ်လာနေတဲ့ အချိန်မှာ EU အဖွဲ့ဝင် နိုင်ငံတချို့က အခုလို မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့မှုတွေကို ပြန်လည်သုံးသပ်ဖို့လိုမယ်ဆိုတဲ့ အသံတွေ ထွက်ပေါ်လာတာပါ။

ဒါပေမဲ့ ဆွီဒင်အပါအဝင် တခြား EU အဖွဲ့ဝင် နိုင်ငံကြီးတော်တော်များများနဲ့ အမေရိကန် ပြည်ထောင်စုတို့က မြန်မာနိုင်ငံမှာစစ်မှန်တဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်မလာမချင်း ဒီပိတ်ဆို့အရေးယူမှုတွေကို ဆက်လက် ချမှတ်ထားရမယ်ဆိုတဲ့ မူဝါဒကို ဆက်လက်ကိုင်ဆွဲထားဆဲ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ NLD အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကလည်း ဒီပိတ်ဆို့မှုတွေဟာ လူနည်းစု စစ်တပ်ခေါင်းဆောင်ပိုင်းနဲ့ သူတို့အသိုင်းအဝိုင်းကိုသာ ထိခိုက်ပြီး ပြည်သူလူထုကို ထိခိုက်ခြင်း မရှိဘူးဆိုတဲ့သဘောထား ကြေညာချက်ကို မကြာသေးခင်ကပဲ ထုတ်ပြန်ခဲ့ပါတယ်။

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**




# သတင်းပြန်ချုပ်

**ဖေဖေါ်ဝါရီ ၁၄။** PHNOM PENH ။ ။ နအဖ မှ လူဝင်မှုဥပဒေအရဖမ်းထားသော ဩစတေးလျားသတင်းစာဆရာ Ross Dunkley အားလွှတ်ရန် ဥါမြို့ရှိ နိုင်ငံခြားသတင်းစာအဖွဲ့ မှ နအဖ သို့တောင်းဆို၏။

**ဖေဖေါ်ဝါရီ ၁၄။** Malaysian Digest ။ ။ အာဏာအလွဲသုံးစားလုပ်ခြင်းပြုလျှင် မြန်မာ၊ ဂါနာ စသည်တို့ကဲ့သို့အခြေအနေမျိုးရောက်သွားမည်ဟု မလေးခေါင်းဆောင်များအား ဒုသမတသစ် ဒါတုဂျွန်တေနေစီမှသတိပေး၏။

**ဖေဖေါ်ဝါရီ ၁၄။** BBC ။ ။ ယခင်အပတ် ကိုကိုးကျွန်းအနီးမှတွေ့ သော ရိုဟင်ဂျာဒုက္ခသည် ၉၁ ဦးအား ပြည်နှင်ဒဏ်ပေး မြန်မာသို့ပြန်ပို့လိုက်ကြောင်း ထိုင်းမှဆို၏။

**ဖေဖေါ်ဝါရီ ၁၄။** Irrawaddy ။ ။ ဒေါ်အောင်ဆန်းစုကြည်သည် အီဂျစ်စတင်အရာရှိအရာခံတပ်သားများအား လူထုနှင့်နိုင်ငံအပေါ် မတရားနိုင်ထက်စီးနင်းမလုပ်ဘဲ တာဝန်သိ တာဝန်ရှိမှုအတွက် ချီးမွမ်းလိုက်ပြီး မြန်မာတပ်မတော်လည်း ထိုသို့ပြုကျင့်ရန် ဒေါ်အောင်ဆန်းစုကြည်မှတိုက်တွန်း၏။

**ဖေဖေါ်ဝါရီ ၁၄။** Irrawaddy ။ ။ မြန်မာမှအင်တာနက်လောကသည် ဗိုလ်ချုပ်အောင်ဆန်း၏ ၉၆ နှစ်မြောက်မွေးနေ့ကို တတ်နိုင်သည့်ဘက်မှ ဂုဏ်ပြုကြဆိုခဲ့ကြ၏။

**ဖေဖေါ်ဝါရီ ၁၄။** DVB ။ ။ ပုံးဖေါက်ခွဲမှုဖြင့် အမျိုးသား ၅ ဦး အမျိုးသမီး ၂ ဦးတို့အား ထောင် ၁၀နှစ် မှ ၅၅ နှစ်ထိချမှတ်၏။

**ဖေဖေါ်ဝါရီ ၁၄။** ChinLandGuardian ။ ။ ချင်းအမျိုးသားနေ့ဟုရေးထားသည့်ဆိုင်းဘုတ်များကို အာဏာပိုင်များမှ ခွင့်မပြုကြောင်း။

**ဖေဖေါ်ဝါရီ ၁၅။** AFP ။ ။ နအဖ ၏ ခြောက်လှန့်မှုများကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအတွက် ပိုမိုစိုးရိမ်ကြောင်း အမေရိကန်အမတ် Mitch McConnell မှ သူမနှင့်ဖုန်းပြောစဉ်ဆို၏။

**ဖေဖေါ်ဝါရီ ၁၅။** Rigzone ။ ။ မုံရွာဖက် ပုလဲတွင် သဘာဝဓါတ်ငွေ့ကြောတွေ့ ရှိကြောင်း။

**ဖေဖေါ်ဝါရီ ၁၅။** Irrawaddy ။ ။ မြန်မာအများစုအမြင်အရ လူထုအကြပ်အတည်းများသည် အပြည်ပြည်ဆိုင်ရာ ပိတ်ဆို့မှုများကြောင့်မဟုတ်ဘဲ စစ်အုပ်ချုပ်ရေးကြောင့်ဖြစ်ကြောင်း ဤသတင်းဌာနမေးမြန်းချက်လေ့လာစစ်ဆေးချက်များအရသိရ၏။

**ဖေဖေါ်ဝါရီ ၁၅။** PRAGUE ။ ။ မြန်မာသည် လူ့အခွင့်အရေးလေးစားရန် မြန်မာ နအဖ အား ကမ္ဘာ့အသိုင်းအဝိုင်းမှ ပိုမိုဖိအားပေးရန် ချက်သမတဟောင်း Vaclav Havel မှ မြန်မာအရေးဆွေးနွေးပွဲတွင်တောင်းဆို၏။

**ဖေဖေါ်ဝါရီ ၁၅။** Irrawaddy ။ ။ ပြည်ပမှလုပ်သားများလည်း တန်းတူအခွင့်အရေးရရန် ထိုင်းပြည်သူအဖွဲ့ များမှတောင်းဆို၏။

**ဖေဖေါ်ဝါရီ ၁၅။** Asia Correspondent ။ ။ စည်သူဇေယျာအမှုကိုထောက်ပြ၍ မြန်မာအစိုးရသစ်သည် စစ်အစိုးရခေတ်၏ သတင်းထောက်များအား ဖမ်းဆီးချုပ်နှောင်ခြင်း မကောင်းမှုကိုရပ်တန့်မှုရပ်ရမည်ဟု သတင်းထောက်များအားကာကွယ်သောအဖွဲ့ PCI မှတောင်းဆို၏။

**ဖေဖေါ်ဝါရီ ၁၆။** OTTAWA ။ ။ ကနေဒါရှိ Carleton တက္ကသိုလ်သည် ဒေါ်အောင်ဆန်းစုကြည်သို့ ဂုဏ်ထူးဆောင် ဥပဒေပါမောက္ခဘွဲ့ချီးမြှင့်ရန် စဉ်းစားနေ၏။

**ဖေဖေါ်ဝါရီ ၁၆။** Mizzima ။ ။ သတင်းစာများတွင်ခွင့်ပြုသော်လည်း ဗိုလ်ချုပ်သိန်းစိန်အား သမတ အဖြစ်ရွေးကောက်မှုကို စီးပွားရေး၊ နိုင်ငံရေး စာစောင် ဂျာနယ်များတွင် ရေးသားခွင့်ပိတ်ပင်ခဲ့ကြောင်း ပြည်တွင်းစာစဉ်များမှ ကြားသိရ၏။

**ဖေဖေါ်ဝါရီ ၁၆။** DVB ။ ။ ချောင်းပစ်မခံရရန် နအဖ တပ်သားများသည် အရပ်သားအသွင်ဆောင်၍ သွားလာနေ၍ အရပ်သားများသတိထားရန် ဒီကေဘီအေမှ သတိပေး၏။

**ဖေဖေါ်ဝါရီ ၁၆။** DBV ။ ။ နောက်ဆုံးအယူခံရုံးဖြစ်မည့် အမြင့်ဆုံးတရားရုံးသစ်ကို ဖန်တီးဖွဲ့ စည်းရန် ပါလီမံမှ သတဘောတူလိုက်ကြောင်း။

**ဖေဖေါ်ဝါရီ ၁၆။** Irrawaddy ။ ။ မြန်မာတွင် ရွှေဈေးနှင့်ဒေါ်လာဈေး ခုန်တက်သွားကြောင်း၊ ဓာတ်ဆီဈေးစသည်တို့လည်း တက်နေ၏။

**ဖေဖေါ်ဝါရီ ၁၆။** PRAGUE ။ ။ မြန်မာအပေါ်ပိတ်ပင်မှုများဆက်လက်ထားရန် မြန်မာဒီမိုကရေစီလှုပ်ရှားသူများမှ ရှင်းပြတောင်းဆို၏။

**ဖေဖေါ်ဝါရီ ၁၇။** KNG ။ ။ မိမိတို့၏ဘိန်းခင်းများအား ကေအိုင်အို၏ဖျက်ဆီးခြင်းမှ ကာကွယ်ပေးမည်ဟု နအဖ တပ်သား ၁၀၀ ခန့်မှဆိုပြီး ထိုအတွက် ငွေပေးရမည်ဟုဆိုကြောင်း။

**ဖေဖေါ်ဝါရီ ၁၈။** DVB ။ ။ NMSP SSA-N KIO အပါအဝင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ ၁၂ ဖွဲ့ သည် နအဖ အား စုပေါင်းခုခံရန် ၄ ရက်တာ UNFC Union of Burma စည်းဝေးပွဲတွင် ညီညွတ်သဘောတူခဲ့၏။

**ဖေဖေါ်ဝါရီ ၁၈။** MAE SOT ။ ။ မဲဆောက်တွင် မြန်မာဖက်မှ လူကုန်ကူးခြင်းပိုဆိုးလာကြောင်း။

**ဖေဖေါ်ဝါရီ ၁၈။** Mizzima ။ ။ ဗိုလ်ချုပ်ဟောင်းတင်အေးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ်ရွေးချယ်ခဲ့၏။ သူ၏လစ်လပ်သွားသော ရှေ့နေချုပ်နေရာတွင် လထ ရှေ့နေချုပ် ဦးထွန်းရှင်မှုရကြောင်း။

**ဖေဖေါ်ဝါရီ ၁၈။** Mizzima ။ ။ ဗိုလ်ချုပ်သန်းရွှေသည် လက်ရှိနေအိမ်မှနေ၍ ဗိုလ်ချုပ်ဟောင်းများရပ်ကွက်နေအိမ်သစ်သို့ပြောင်းနေမည်ဖြစ်ကြောင်း။

**ဖေဖေါ်ဝါရီ ၁၈။** Mizzima ။ ။ မြန်မာ့အလင်းသတင်းစာသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် လုံးခြုံရေးစိုးရိမ်ရကြောင်းရေးသားထား၍ ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးကို လူထုမှစိတ်ပူနေကြောင်း။

**ဖေဖေါ်ဝါရီ ၁၈။** The Nation ။ ။ ထားဝယ်ဆိပ်ကမ်းဆောက်လုပ်ရေးတွင် ထိုင်းနှင့်ပူးပေါင်း၍ ဂျပန်လုပ်ငန်းများလည်း ပါဝင်လိုကြောင်း။

# ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်ကို သမ္မတ အဆိုတင်

**DVB ၊ ဖေဖော်ဝါရီ ၁၈ ။** ။ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးစတဲ့ တိုင်းပြည်ရဲ့ အာဏာသုံးရပ်မှာ အဓိကကျတဲ့ ရုံးတခုဖြစ်လာမယ့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးရဲ့ ရှေ့နေချုပ်အဖြစ် ဒေါက်တာထွန်းရှင်ကို ခန့်အပ်ဖို့ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ၆ ရက်မြောက် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ သမ္မတကအဆိုတင်သွင်းလိုက်တယ်လို့ သိရပါတယ်။

ဒီလို အဆိုတင်သွင်းလိုက်တာနဲ့ ပတ်သက်ပြီး အစည်းအဝေးတက် ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဦးခင်ရွှေက အခုလို အတည်ပြုပြောဆိုပါတယ်။

“မနေ့ကဗိုလ်ချုပ်တင်အေးခန့်တာနဲ့ပတ်သက်လို့ပြည်ထောင်စုလွှတ်တော်က လွှတ်တော်မှာ ကန့်ကွက်ချက်တစုံတရာမရှိသဖြင့် သဘောတူကြောင်း ကြေညာလိုက်တယ်။ နောက် နိုင်ငံတော်သမ္မတကနေပြီးတော့ ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်တဲ့ ပုဂ္ဂိုလ်အမည်ကိုကြေညာတယ်။ သူကတော့ ဒေါက်တာထွန်းရှင်ပေါ့။ အဲဒါကြီးကို မနက်ဖြန်စနေနေ့ ညနေမှာ ကန့်ကွက်စာ လာတင်ဖို့ပြောတယ်၊ မတင်ရင်တော့ တနင်္လာနေ့ ၁၁ နာရီမှာ ထပ်ပြီးလုပ်သွားမယ်။”

ပြည်ထောင်စုရှေ့နေချုပ်အဖြစ် အဆိုတင်သွင်းလိုက်တဲ့ ဒေါက်တာထွန်းရှင်ဟာ လက်ရှိရှေ့နေချုပ်ရုံးမှာ ဒုရှေ့နေချုပ်အဖြစ်တာဝန်ဆောင်နေဆဲဖြစ်ပြီး ပညာရေးကတော့ ရန်ကုန်တက္ကသိုလ်ကနေ BA-LLB ဘွဲ့ကို ရရှိခဲ့ပါတယ်။ အဲ့ဒီနောက်မှာတော့ အင်္ဂလန်ကနေ မဟာဘွဲ့စီးပွားရေးဥပဒေပညာအပါအဝင်ဥပဒေနဲ့ဆိုင်တဲ့ ဘွဲ့သုံးခုကိုရရှိခဲ့သလို ဘယ်လဂျီယံကနေ နိုင်ငံတကာဥပဒေဘွဲ့တွေကိုရရှိခဲ့သူတယောက်ဖြစ်ပါတယ်။ ဒေါက်တာထွန်းရှင်ဟာ ၂၀၀၇ ခုနှစ်လောက်မှာတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်မှာလည်း အဖွဲ့ဝင်ဖြစ်ပါတယ်။ အဲ့ဒီနောက် ၂၀၀၀ ပြည့်နှစ်မှာစတင်ဖွဲ့ခဲ့တဲ့ မြန်မာလူ့အခွင့်အရေးကော်မတီကို ၂၀၀၇ မှာ မြန်မာလူ့ အခွင့်အရေးအဖွဲ့ဆိုပြီး ပြင်ဆင်ဖွဲ့စည်းခဲ့ချိန်မှာလည်း ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနဲ့ အတူ ဦးဆောင်ပါဝင်ခဲ့သူတယောက်လည်း ဖြစ်ပါတယ်။

သူဟာ ဒီနှစ်ဆန်းပိုင်းက ဆွစ်ဇလန်နိုင်ငံ၊ ဂျနီဗာမှာလုပ်ခဲ့တဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ UPR ခေါ် လူ့အခွင့်အရေးမှတ်တမ်းပြန်လည်သုံးသပ်တဲ့ညီလာခံမှာ မြန်မာနိုင်ငံရဲ့လူ့အခွင့်အရေးမှတ်တမ်းမှတ်ရာနဲ့ ပတ်သက်လို့ ခုခံကာကွယ်ပြောဆိုခဲ့တဲ့ မြန်မာ စစ်အစိုးရရဲ့ ကိုယ်စားလှယ်အဖွဲ့မှာလည်း ခေါင်းဆောင်အဖြစ်ပါဝင်ခဲ့သူ တစ်ဦးလည်းဖြစ်ပါတယ်။ ဦးထွန်းရှင်တာဝန်ယူလုပ်ကိုင်ရမယ့် ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတတွေနဲ့ ဝန်ကြီးများတွေပါဝင်မယ့် ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်မှာလည်းပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင်ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်အချို့လည်း သီးခြားအနေနဲ့ ရှိနေပါသေးတယ်။ အဲ့ဒီထဲက လုပ်ငန်းတချို့ကိုတော့ တရားရုံးချုပ်ရှေ့နေတဦးဖြစ်တဲ့ ရှေ့နေဦးအောင်သိန်းက အလိုရှင်းပြပါတယ်။

“ဒီရှေ့နေချုပ်ရုံးကတော့ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး ဆိုတဲ့ ယန္တရား ၃ ရပ်မှာ ဥပဒေပြုရေးဆိုတဲ့အပိုင်းကတော့ ဒီရှေ့နေချုပ်ရုံး ဘက်ကနေပြီးတော့ အတော်အတန်တာဝန်ယူပြီး ဆောင်ရွက်ရမယ်ဆိုတဲ့အပိုင်း မျိုးဖြစ်မယ်လို့ အန်ကယ်ထင်တယ်လေ။ နောက်ခုက ဥပဒေရေးရာနဲ့ပတ်သက်ပြီးတော့ပြင်ဆင်မယ်။ ပြန်လည်ပြုပြင်မယ် ဘာညာလုပ်မယ်။ အသစ်အစားထိုး ဘာညာဆိုတာလည်း ရှေ့နေချုပ်ရုံးဘက်က တာဝန်ယူလုပ်ရတဲ့ အပိုင်းတွေပဲ။ အဲဒီတော့ ရှေ့နေချုပ်ရုံးအနေနဲ့ ပြောရရင်တော့တော်တော်လေးအရေးပါနိုင်တဲ့ အာဏာကြီး ၃ ရပ်ရှိတဲ့အထဲမှာ ရှေ့နေချုပ်ရုံးရဲ့ ဥပဒေပြုရေးအာဏာနဲ့တွဲပြီးတော့ စဉ်းစားမယ်ဆိုရင် သူ့တာဝန်က တော်တော်ကြီး နိုင်ပါတယ်။”

ပြည်ထောင်စု ရှေ့နေချုပ်ရုံးကနေ ဥပဒေပြင်ဆင်သတ်မှတ်ရေး၊ ပြစ်မှုပြစ်ဒဏ်နဲ့တရားကျင့်ထုံးပြင်ဆင်သတ်မှတ်ရေးတွေကိုပါ လွှတ်တော်အရပ်ရပ်ကို တင်ပြလုပ်ဆောင်ရမယ့် အစိုးရရုံးတခုလည်း ဖြစ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုရှေ့နေချုပ်ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကိုပြည်ထောင်စုရှေ့နေချုပ်ဥပဒေတွေထဲမှာ အကျယ်တဝင့်ဖော်ပြထားပါတယ်။ ဒီဥပဒေတွေထဲမှာတော့ ရှေ့နေချုပ်တွေကို ပြစ်တင်စွပ်စွဲမယ်ဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဝန်ကြီးတဦးဦးကို စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ ပုဒ်မ ၂၃၃ မှာပါတဲ့အတိုင်း ပြဋ္ဌာန်းချက်နဲ့အညီ စွပ်စွဲပြစ်တင်ကြရမှာလည်း ဖြစ်ပါတယ်။

# ဟာသပညာရှင် ကိုဇာဂနာ ဂျာမဏီမှ သွေးစည်းညီညွတ်ရေးဆုရရှိ

**RFA ၊ ဖေဖော်ဝါရီ ၁၅ ။** ။ မြစ်ကြီးနားထောင်မှာ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ဟာသပညာရှင် ကိုဇာဂနာကို ဂျာမနီနိုင်ငံ Bremen ဂီတအနုပညာမြို့တော်ကနေ Bremen Solidarity Award - Bremen သွေးစည်းညီညွတ်ရေးဆု ဒီနေ့ ချီးမြှင့်ပါမယ်။

လွတ်မြောက်ရေး ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးအတွက် လှုပ်ရှားသူတွေ ကိုလိုနီစနစ်နဲ့ လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်လှုပ်ရှားသူတွေကို Bremen သွေးစည်းညီညွတ်ရေးဆုချီးမြှင့်တာဖြစ်ပြီး ဒီနှစ်မှာ ၁၂ ကြိမ်မြောက်ချီးမြှင့်တာပါ၊

ကိုဇာဂနာ့ကိုဆုချီးမြှင့်ရတဲ့အကြောင်းတွေကို ကိုဇာဂနာနဲ့လူရွှင်တော်အဖြစ်တွဲဖက်ဖျော်ဖြေဖူးတဲ့ ဗြိတိန်နိုင်ငံ၊ လန်ဒန်အခြေစိုက် နိုင်ငံရေးအကျဉ်းသမားဟောင်း ပန်းချီဆရာထိန်လင်းက ပြောပြပါတယ်။

" ကိုဇာဂနာကိုချီးမြှင့်တယ်ဆိုတာကတော့ လူပုဂ္ဂိုလ်အရရွေးချယ်တာပေါ့လေ။ ထင်ရှားတဲ့အနုပညာသည်ဖြစ်တယ်။ အနုပညာရပ်မျိုးစုံမှာ တခုပိတ်ထားရင် နောက်တခုနဲ့ သူ့ရဲ့အနုပညာလုပ်ပိုင် ခွင့်ကို အမြဲတမ်းသူ့ဘဝတလျှောက်လုံးတိုက်ပွဲဝင်ခဲ့တယ်။ အဲဒါတင်မကပဲ နဲ့လူမှုရေးလုပ်ငန်းတွေပေါ့၊ အဲဒီကိစ္စတွေမှာလည်းသူက စွမ်းစွမ်းတမံနဲ့ပြည်သူလူထုဒုက္ခရောက်တဲ့အချိန်မျိုးမှာရှေ့ဆုံးကနေထွက်လာပြီး ဆောင်ရွက်ရင်းကနေ ဘာမှအပြစ်မရှိပဲနဲ့ ခုလိုမျိုးထောင်ထဲမှာ နှစ်ရှည်ကြီးနေရတာပေါ့လေ။ အဲဒီအချက်လည်းပါလိမ့်မယ်ထင်တယ်။”

လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ကာလ၊ ဒီမိုကရေစီနဲ့လွတ်လပ်ခွင့် ကန့်သတ်ခံရတဲ့အချိန်တွေမှာ လူထုဖက်က မားမားရပ်ပြီးထုတ်ဖော်ပြောကြားသူ၊ နိုင်ငံရေးအကြမ်းဖက်မှုနဲ့ တရားမျှတမှုမရှိတဲ့ ဖြစ်ရပ်တွေကို အများပြည်သူအာရုံစိုက်လာအောင် အနုပညာနဲ့ဖော်ကျူးသူကို ဆုချီးမြှင့်တာလို့ Bremen မြို့တော်ဝန်က ဆုလက်ခံဖို့ ကိုဇာဂနာ့မိသားစုဆီပေးပို့တဲ့ ဖိတ်ကြားလွှာမှာရေးထားပါတယ်။

"မြန်မာနိုင်ငံအတွင်းထဲမှာ အမှန်တရားအတွက်၊ လွတ်လပ်စွာပြောဆိုခွင့်တွေအတွက်ထောင်ကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ၊ စာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ အဲဒီပုဂ္ဂိုလ်တွေအတွက်ပါ ရည်ညွှန်းပြီးတော့ ဒီဆုကိုပေးလိုက်တဲ့သဘောပါ။ ဒီဆုကို လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ၁၉၉၃ ခုနှစ်တုန်းကပေးဖူးပါတယ်။ အဲဒီတုန်းကလည်း ဒီသဘောတရားပါ။”

ဒီဆုစတင်ချီးမြှင့်တဲ့နှစ်မှာ တောင်အာဖရိက လူမည်းခေါင်းဆောင် Nelson Mendela နဲ့ အဲဒီတုန်းကသူ့ဇနီး Winnie Mendela တို့ ပထမဆုံး ဒီဆုရရှိခဲ့ပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ဒေါ်စုလုံခြုံရေး စိုးရိမ်

မြန်မာစစ်အာဏာရှင်တွေထိန်းချုပ်ထားတဲ့သတင်းစာကနေ အနောက်နိုင်ငံတွေရဲ့ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေမဖယ်ရှားဖို့ပြောဆိုလုပ်ကိုင်တဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နောက်ဆုံးမှာ ကြေကွဲဖွယ်နိဂုံးနဲ့အဆုံးသတ်သွားရလိမ့်မယ်ဆိုပြီး ဆောင်းပါးရေးသားဖော်ပြခဲ့တဲ့အတွက် ဒါဟာ ဒေါ်စုအပေါ်ခြိမ်းခြောက်ရာရောက်လို့ အမေရိကန်ကစိုးရိမ်ကြောင်း ချက်ချင်းတုံ့ပြန်ခဲ့ပါတယ်။ မြန်မာ့ဒီမိုကရေစီရေးကို ပြတ်ပြတ်သားသားထောက်ခံအားပေးနေတဲ့ အမေရိကန်အထက်လွှတ်တော်အမတ် မစ်ချ်မက်ကော်နဲလ်က ဒေါ်စုနဲ့တိုက်ရိုက်တယ်လီဖုန်းပြီး စိုးရိမ်ကြောင်းပြောဆိုခဲ့ပါတယ်။ (VOB, AFP, 15.2.2011)

---

## ဒီဗွီဘီ ရုံပုံငွေအဖြတ်ခံရ

နော်ဝေးအခြေစိုက် ဒီဗွီဘီအသံလွှင့်ဌာနဟာ နှစ်စဉ်ရနေတဲ့ထောက်ပံ့ကြေး ဖြတ်တောက်လျှော့ခံရတာကြောင့် အစီအစဉ်တချို့ကို ဖျက်သိမ်းမယ်လို့သိရပါတယ်။ ဖြတ်တောက်ငွေ ဒေါ်လာ တသန်းလောက်ရှိပြီး နော်ဝေး၊ ထိုင်း၊ မြန်မာပြည်တွင်း စတဲ့နိုင်ငံတွေမှာရှိတဲ့သတင်းထောက်အရေအတွက်လည်း လျှော့ချရလိမ့်မယ်လို့ ဒီဗွီဘီရဲ့ဒုတိယအကြီးအကဲ ဦးခင်မောင်ဝင်းက ပြောပါတယ်။ ဒီလိုရုံပုံငွေလျှော့ချတာဟာ အလှူရှင်တွေရဲ့မူဝါဒပြောင်းလို့ မပြောနိုင်ကြောင်း၊ ဒါပေမဲ့ တော်တော်လေးအထိနာတယ်လို့ပြောပါတယ်။ (AFP, 14.2.2011)

---

## အနာပေါ် တုတ်ကျလို့

ရွေးကောက်ပွဲကနေ အရပ်သားအစိုးရပေါ်၊ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးတာတွေကြောင့် အနောက်နိုင်ငံတွေက ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားဖို့ရာလမ်းပွင့်နိုင်တယ်လို့ တွက်ဆထားချိန်မှာ အဲန်အဲလ်ဒီက မြန်မာနိုင်ငံစီးပွားမတိုးတက်တာ အနောက်နိုင်ငံတွေရဲ့ဒဏ်ခတ်ပိတ်ဆို့မှုကြောင့်က အဓိကမဟုတ်၊ စစ်အစိုးရရဲ့ မှားယွင်းတဲ့စီမံခန့်ခွဲမှုတွေကြောင့်လို့ စာတမ်းထုတ်ပြန်လိုက်တဲ့အတွက် အာဏာရှင်များ အကြီးအကျယ်ဒေါသူပုန်ထပြီး ချက် ချင်းပင်ဆောင်းပါးတွေရေးပြီး ဒေါ်စုကို အတိအလင်းပြန်လည်တိုက်ခိုက်နေပါတယ်။ ဒေါ်စုအနေနဲ့ ဒဏ်ခတ်ပိတ်ဆို့မှုကိုထောက်ခံတာဟာ မှားပါတယ်လို့ ဝန်ချတောင်းပန်ရမယ်လို့ နအဖသတင်းစာမှာရေးသားထားပါတယ်။ (VOB, 19.2.2011)

---

## အဲန်အယ်လ်ဒီနဲ့ ဆက်နွယ်လို့တဲ့

ရန်ကုန်မြို့၊ တာမွေမြို့နယ်တွင်းမှာ လူငယ်ပညာပေးရေးလုပ်ငန်းတွေလုပ်ကိုင်နေတဲ့ ဗေဒါအဖွဲ့ ငှားရမ်းအသုံးပြုနေတဲ့ အခန်းရဲ့ပိုင်ရှင်ကို စစ်အာဏာပိုင်တွေက ဖိအားအမျိုးမျိုးပေးတဲ့အတွက် တာမွေကနေ စမ်းချောင်းဘက်ကို ပြောင်းရွှေ့လိုက်ရပါတယ်။ ဇန်နဝါရီလ ၆ ရက်နေ့မှာ အဖွဲ့ပေါင်း ၁၀၄ ဖွဲ့ပါတဲ့ လူမှုရေးကွန်ယက်တခုဖြစ်တဲ့ ဗေဒါဟာ လူမှုရေးသိပ္ပံ၊ ကမ္ဘာ့အကျပ်အတည်းပဋိပက္ခ၊ အရှေ့တောင်အာရှလေ့လာရေး၊ အခြေခံအင်္ဂလိပ်စာ စတာတွေကို ရက်သတ္တ ၂ ပတ်ကြာ သင်တန်းတွေပေးနေပါတယ်။ အဲဒီအဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်က ထောက်ခံအားပေးနေပါတယ်။ (MIZZIMA, 16.2.2011)

---

## အီဂျစ်စစ်တပ်ကို ဒေါ်စု ချီးကျူး

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လူထုဆန္ဒပြပွဲတွေကြောင့် အီဂျစ်သမတ ရာထူးကနေနုတ်ထွက်လိုက်ရတာဟာ အီဂျစ်စစ်တပ်က ဆန္ဒပြသူလူထုကို မပစ်ခတ်ခဲ့ပဲ လူထုဘက်ကနေရပ်တည်ခဲ့တဲ့အတွက်လို့ဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံကစစ်တပ်လည်း အဲဒီလိုမျိုးလုပ်သင့်တယ်လို့ ရန်ကုန်မှာ သတင်းထောက်တွေကို ပြောဆိုလိုက်ပါတယ်။ (IRRAWADDY, 14.2.2011)

---

## ရွှေနဲ့ဒေါ်လာဈေး တက်

နအဖရဲ့အစိုးရသစ်ကနေ လစာတွေတိုးမယ်၊ တသောင်းတန်ငွေစက္ကူသစ်ထုတ်ဝေမယ်ဆိုတဲ့ ကောလာဟလတွေ မြန်မာနိုင်ငံထဲမှာထွက်ပေါ်နေတဲ့အတွက် ရန်ကုန်မှာ ရွှေဈေးနဲ့ဒေါ်လာဈေးထိုးတက်သွားပါတယ်။ ရွှေနဲ့ဒေါ်လာကို အများအပြားဝယ်ယူနေကြလို့ပါပဲ။ ကုန်ဈေးနှုန်းလည်းတက်သွားလို့ပါပဲ။ နအဖရဲ့လွှတ်တော်ကနေ သမတရဲ့လစာကို သိန်း ၅၀၊ မော်တော်ကား ၆ စင်း သုံးစွဲခွင့် သတ်မှတ်ပေးထားပါတယ်။ ဒါကြောင့် ဝန်ထမ်းလစာတွေတက်မယ်လို့ အသံတွေထွက်လာတာဖြစ်ပါတယ်။ (IRRAWADDY, 16.2.2011)

---

## မြန်မာပြည်အတွက် အကူပိုပေးမည်

ဗြိတိန်အစိုးရက မြန်မာနိုင်ငံအတွက် ကူညီထောက်ပံ့မှုတွေကို ပိုပေးမယ်လို့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဖွဲ့ရဲ့တာဝန်ရှိသူတဦးက ဆိုလိုက်ပါတယ်။ လောလောဆယ် တနှစ်ကို ပေါင် ၃၂ သန်းသုံးစွဲရာကနေ ၄ နှစ်အတွင်းမှာ ပေါင် ၁၈၅ သန်းအထိ တိုးချဲ့သုံးစွဲမှာဖြစ်ပါတယ်။ ဒါကလည်း အိန္ဒိယနိုင်ငံစီးပွားရေးတိုးတက်လာလို့ ထောက်ပံ့မှုလျှော့တဲ့အတွက်ဖြစ်ပါတယ်။ ထောက်ပံ့မှုတွေကို အောက်ခြေအဆင့်လူထုအကျိုးပြုလုပ်ငန်းတွေမှာသုံးပြီး စစ်အစိုးရ အကျိုးဖြစ်ထွန်းစေမယ့်အရာမျိုးမဖြစ်စေရဘူးလို့ဆိုပါတယ်။ (ANI, 14.2.2011)

# နအဖစစ်တပ်ရဲ့ အမိန့်နာခံမှုအပေါ် ဦးအောင်လင်းထွဋ်နှင့် ဦးတင်ဦးဆွေးနွေးချက်

**VOA ၊ ဖေဖော်ဝါရီ ၁၉ ။** ။ မြန်မာ့တပ်မတော်ရဲ့အမိန့်နာခံမှုနဲ့ပတ်သက်ပြီး၊ ဗိုလ်မှူးဟောင်း ဦးအောင်လင်းထွဋ်နဲ့ အငြိမ်းစားဗိုလ်ချုပ်ကြီး သူရဦးတင်ဦးတို့နဲ့ ဆက်သွယ်မေးမြန်းထားတာတွေကို ဒီသီတင်းပတ်ရဲ့ "တပ်မှူးတပ်သားပြောစကား" အပတ်စဉ်ကဏ္ဍမှာ ဦးရော်နီညိမ်းက "စစ်တပ်နှင့် အမိန့်နာခံမှု-အပိုင်း (၅)" ခေါင်းစဉ်နဲ့စီစဉ်တင်ဆက်ထားပါတယ်။

ဦးရော်နီညိမ်း။ ။ အမိန့်မနာခံတာနဲ့ ပတ်သက်ပြီးတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးကနေဖယ်ရှားပြီး မကြာခင်မှာ၊ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းကိုယ်တိုင်လုပ်သွားတဲ့ သတင်းစာရှင်းလင်းပွဲမှာ သူပြောသွားတဲ့ စကားတခွန်းက "ဗိုလ်ချုပ်ကြီးခင်ညွန့်ဟာအထက်ကပေးအပ်တဲ့အမိန့်တွေကို မနာခံတာတွေကရှိသေးတယ်။ အဲဒါကိုတော့ နောက်မှပြောမယ်" ဆိုပြီး အခန်းဆက်ဝတ္ထုလိုလို ဘာလိုလိုနဲ့လုပ်သွားတာ (၇) နှစ်လောက်ရှိပြီ။ အဲဒီတော့ သူပေးတဲ့အမိန့်ကို မနာခံဘူးလို့ဆိုလိုချင်တာလား၊ ဗိုလ်ချုပ်မှူးကြီးပေးတဲ့အမိန့်ကိုမနာခံ ဘူးလို့ဆိုချင်တာလား၊ ဘာများဖြစ်ခဲ့လို့ ဘာအမိန့်ကို ဗိုလ်ချုပ်ကြီးခင်ညွန့်က မနာခံဘူးလို့ ဗိုလ်ချုပ်ကြီးရွှေမန်းကဆိုလိုတယ်လို့ ဗိုလ်မှူးဘယ်လိုယူဆပါလဲခင်ဗျ။

ဗိုလ်မှူးအောင်လင်းထွဋ်။ ။ အဲဒီအချိန်တုန်းကတော့ ကျနော်တို့သိသလောက် ကျနော်တို့ရှိစဉ်တုန်းက ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်ရာထူးကို (ဒုတိယ) ဗိုလ်ချုပ်ကြီးမြင့်ဆွေ (ယခု ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ) ပေါ့လေ၊ သူ့ကိုလွှဲပေးဖို့ဆိုတာမျိုးကို ဗိုလ်ချုပ်မှူးကြီးကပြောတယ်လို့ ကျနော်တို့ ကြားရပါတယ်။

တိုက်ရိုက်တော့ မဟုတ်ဘူးဗျ။ သူ တိုက်ရိုက် လူတစ်ယောက်ကို ခဲ့သွားပြီးတော့မှအဲဒီလို သူမပြောရဲဘူး။ ကြားလူကနေပြီးပြောခိုင်းတာ။ အဲဒီအချိန်တုန်းကတော့ ဗိုလ်ချုပ်ကြီးခင်ညွန့်က သူ့ထောက်လှမ်းရေး အဖွဲ့အစည်းဟာ သူနဲ့တိုက်ရိုက်အလုပ်လုပ်နေတဲ့လူတွေ ဖြစ်တယ်။ နောက်ပြောင်းလာမယ့် ဗိုလ်ချုပ်ကြီးမြင့်ဆွေ(DSA 15, 1973) က လည်း အများကြီး junior ကျတယ်။ အဲဒီအချိန်မှာ(ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်) ဗိုလ်ချုပ်ကျော်ဝင်း (OTS 38, 1968) တို့နဲ့ ဗိုလ်ချုပ်မြင့်ဆွေတို့ seniority အများကြီးကွာတယ်။ ဒါကို တချက်ထောက်ပါတယ်။ ဒုတိယတခါ ထပ်ပြီးတော့မှ စရဖ(တပ်မတော်စစ်ဖက်ရေးရာလုံခြုံရေး) ချုပ်လုပ်သွားတဲ့ ဗိုလ်ချုပ် (ဒုတိယဗိုလ်ချုပ်ကြီး) ရဲမြင့် (DSA 15, 1973) (ယခု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်) ပေါ့လေ၊ သူ့ကို MI Chief ဆိုပြီးတော့မှ ထပ်ပြီး ခန့်ဖို့ဆိုပြီး ပြောလာပြန်တယ်။ အဲဒီအချိန်တုန်းကလည်း အလားတူပဲ ဗိုလ်ချုပ်ခင်ညွန့်က လက်မခံခဲ့ဘူးပေါ့ဗျာ။ လက်မခံတဲ့ သဘောမျိုးနဲ့ ကိုသူရမြင့်အောင်လိုပဲ အသာလေး ငြင်းထုတ်ခဲ့တဲ့ အနေအထားမျိုးရှိတယ်။ နောက်တခါ....

ဦးရော်နီညိမ်း။ ။ ဟုတ်ကဲ့ခင်ဗျ၊ ကျနော်တို့ ၂၀၀၄ ခုနှစ်က ကြည့်ရင်၊ အဲဒီတုန်းက ဗိုလ်ချုပ်ကြီးတစ်ဦးဟာ သူ့ကို ရာထူးစွန့်လွှတ်ခိုင်းတာကို သူ မစွန့်လွှတ်နိုင်ဘူးလို့ အမိန့်ကို မနာခံခဲ့ဘူး။ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဒါကိုဆိုလိုပြီး ပြောသွားတယ်လို့ အခု ဒါ ဗိုလ်မှူးရဲ့ ပြောကြားချက်အရ ကျနော်တို့ သိရပြီ။ နောက် (၇)နှစ်လောက်ကြာတဲ့ အခါမှာ (ဒုတိယ)ဗိုလ်ချုပ်ကြီးသူရမြင့်အောင်က သူ့ကို 'မင်း ကာကွယ်ရေးဝန်ကြီးလုပ်" ဆိုတာကို မလုပ်နိုင်ဘူးဆိုပြီးတော့ အခု အမိန့်မနာခံပြန်ဘူး။ အဲဒီတော့ ဒီ ဗိုလ်ချုပ်ကြီးလောက် အဆင့်တွေက အမိန့်မနာခံတဲ့ဟာ စဖြစ်နေပြီလို့ ပြောလို့ရလားခင်ဗျ။

ဗိုလ်မှူးအောင်လင်းထွဋ်။ ။ ပြောလို့ရပါတယ်။ အခုနောက်ပိုင်း ဖြစ်လာမယ့် ဗိုလ်ချုပ်ကြီးတွေလည်း ထွက်လာပါဦးမယ်။စောင့်ကြည့်ပါခင်ဗျ။ အခြေအနေအရပေါ့လေ။ ကိုယ့်ရဲ့ မိသားစုအရေးကိုကြည့်ပြီးတော့သာ အခြေအနေအရ နေနေရတာပါ။ ဘယ်သူမှတော့ အခုလိုဖြစ်နေတဲ့ အနေအထားမျိုးကို မကြိုက်ကြပါဘူး။

ဦးရော်နီညိမ်း။ ။ ဟုတ်ကဲ့၊ နောက်တခု ကျနော်တို့သိချင်တာပေါ့နော်။ ဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ကာကွယ်ရေးဝန်ကြီးကို ငြင်း တယ်ဆိုတော့ ဟိုတုန်းက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကဆိုရင် ဒုတိယဝန်ကြီးချုပ်နဲ့ကာကွယ်ရေးဝန်ကြီး အငြိမ်းစားဗိုလ်ချုပ်ကြီးသူရဦးကျော်ထင်က လုပ်တဲ့အချိန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ဗိုလ်ချုပ်မှူးကြီးစောမောင်က လုပ်ခဲ့တယ်။ အဲဒီအချိန်ကတော့ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ပေါ့နော်။ အဲဒီအချိန်တုန်းက ဘာမှပြဿနာမရှိဘူး။ ဝန်ကြီးနဲ့ကာကွယ်ရေးဦးစီးချုပ်။ အခု ပြဿနာဖြစ်ရတဲ့ (cause) အကြောင်းရင်းက ခုနဝန်ကြီးနဲ့ ကာကွယ်ရေးဦးစီးချုပ်မှာ ဘယ်သူက ဘယ်လိုပိုပြီး powerful ဖြစ်နေလို့လဲ။ နောက်တခါ ကိုယ့်အထက်က ကိုယ့်အပေါ်မှာ powerful ဖြစ်မယ့်နေရာကို ကိုယ့် junior လာပြီးထားတာကို မခံနိုင်ဖြစ်တဲ့သဘောလား။ ဘယ်လို မြင်ပါသလဲခင်ဗျ။

ဗိုလ်မှူးအောင်လင်းထွဋ်။ ။ အဲဒါလည်း ပါပါတယ်ခင်ဗျ။ ဝါစဉ်ပေါ့လေ၊ ဘယ်သူကမှကြီးတဲ့လူက ငယ်တဲ့လူရဲ့အောက်မှာမလုပ်ချင်ပါဘူးခင်ဗျ။ ကြီးတဲ့လူ ဖယ်သွားမှသာ ငယ်တဲ့လူက တက်ရပါတယ်။ ကာကွယ်ရေးဝန်ကြီးအနေနဲ့ ဗိုလ်ချုပ်ကြီးဖြစ်တာ မှန်သော်လည်း သူရဲ့အထက်က ဦးစီးချုပ် (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)၊ ဒုချုပ် (ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်) ၊ ညှိကွပ် (တပ်မတော်ညှိနှိုင်းကွပ်ကဲရေးမှူး ကြည်း-ရေ-လေ) ပေါ့ဗျာ။ ဒါတွေက သူ့ရဲ့အထက်မှာရှိနေမယ့်အခါကျတော့၊ ကိုမြင့်အောင်လို senior တော်တော်ကျနေတဲ့ ဗိုလ်ချုပ်ကြီး တယောက်အနေနဲ့ junior ကျတဲ့ ဗိုလ်ချုပ်ကြီးတွေရဲ့အောက်မှာ သူလုပ်ဖို့အတွက်ကတော့ ဝန်လေးပါလိမ့်မယ်။

ဦးရော်နီညိမ်း။ ။ ဟုတ်ကဲ့ခင်ဗျ၊ အဲဒီတော့ အခု အဲဒီ junior နဲ့ senior ကိစ္စကိုကြည့်တဲ့အခါမှာ အဲဒီလိုမျိုး senior တွေကိုနိမ့်ထားလိုက်ပြီးတော့၊ ကိုယ်ပိုပြီး နိုင်နိုင်နင်းနင်းကိုင်လို့ရမယ့် ကိုယ့်ကို မော်မကြည့်ရဲတဲ့ seniority အရမ်းပြတ်တဲ့ junior တွေကို ဆွဲဆွဲတင်ပြီးလုပ်တာဟာ တော်တော်ကြာနေပြီ။ ၁၉၉၇ မှာတော့ ပိုပြီး ရှင်းရှင်းလင်းလင်းပဲ။ junior တွေဆွဲတင်ပြီး senior တွေအပေါ်မှာတင်ပစ်လိုက်တာ၊ အခုနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဆိုတာ ၁၉၉၇ မှာ ဖွဲ့စည်းလိုက်တဲ့အခါ၊ senior ဗိုလ်ချုပ်တွေ အကုန်လုံးရှိနေတာကို သူတို့အောက်က လူတွေကို အပေါ်ဆွဲတင်ပြီး၊ အပေါ်ဆုံး အမြင့်ဆုံး စစ်ကောင်စီဖွဲ့ခဲ့တာ၊ ကျနော်တို့တွေ့ရတယ်။ အဲဒီကနေစပြီးတော့ အဲဒီလိုမျိုး seniority ကို ဂရုမစိုက်ဘဲနဲ့လုပ်လာတာ ဆက်တိုက်ပဲ။

**စာမျက်နှာ ၁၃ သို့**

အခုထိ တွေ့ရတာပေါ့နော်။ အဲဒီအခါကျတော့ ဒါတွေဟာ ဘယ်တော့ တုန်းကစဖြစ်ပြီးတော့၊ ဒီဟာနဲ့ ပတ်သက်လို့ မကျေမနပ်ဖြစ်တာတွေ၊ ဗိုလ်မှူးစစ်ရုံးမှာ ရှိနေတုန်းက ကြားခဲ့ဖူးလားခင်ဗျ။

ဗိုလ်မှူးအောင်လင်းထွဋ်။ ။ အဲဒါ စတာကတော့ နဝတဗိုလ်ချုပ်ကြီးတွေပေါ့လေ၊ ဗိုလ်ချုပ်ကြီးထွန်းကြည်တို့ ဗိုလ်ချုပ်ကြီးကျော်ဘတို့ အဖွဲ့တွေပေါ့၊ သူတို့ဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ မတိမ်မယိမ်းပါ။ ဗိုလ်ချုပ်ကြီးထွန်းကြည်တို့ဆို ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ကိုသန်းရွှေပဲ ခေါ်တာ။ နဝတဥက္ကဋ္ဌဖြစ်တဲ့အထိလည်း ကိုသန်းရွှေပဲခေါ်ကြတာကိုး။

ရေရှည်ကျတဲ့အခါကျတော့ သူ အဲဒီဒဏ်တွေ ပေါ့လေ၊ သူ့ကို ပုခုံးချင်းယှဉ်တယ်၊ သူ့ကိုဂရုမစိုက်ဘူးဆိုတာမျိုး တွေးခေါ်လာတဲ့ အနေအထားမျိုးရှိပါတယ်။ ဒါကြောင့်မို့ နဝတကို ရှင်းစဉ်တုန်းကလည်း မူလပြဿနာဖြစ်တဲ့ ဗိုလ်ချုပ်ကြီးတွေတင် မဟုတ်ဘူး။ ကျန်တဲ့ သူနဲ့ တန်းတူရှိတဲ့ ဗိုလ်ချုပ်ကြီးတွေကိုပါ အားလုံးဖယ်ပြီးတော့မှ ရှင်းပစ်လိုက်တာပါ။ အဲဒီ နောက်ပိုင်းမှာ သတိထားမိပါလိမ့်မယ်။ တိုင်းမှူးတွေက အထက်က၊ ဝန်ကြီးတွေက အောက်က၊ ဆိုတဲ့ဥစ္စာဟာ။ အဲဒီ နောက်ပိုင်းမှာမှဖြစ်လာတဲ့ ဖြစ်စဉ်ပါ။ အဲဒါကို သူက အငယ်တွေကို ဦးစားပေးသယောင်ယောင်နဲ့ အပေါ်တင်ပြီးတော့ အကြီးတွေကို နှိပ်ကွပ်လိုက်တဲ့အနေအထားမျိုး ရှိပါတယ်။ အဲဒီလမ်းစဉ်က ၁၉၉၇ နောက်ပိုင်းကတည်းက စကျင့်သုံးလာတာ အခုထိပဲ ဆိုပါတော့ဗျာ။

ဦးရော်နီညိမ်း။ ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပထမဦးဆုံးအကြိမ် ပြုလုပ်ခဲ့တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးကနေ ကာကွယ်ရေးဝန်ကြီးအဖြစ် တင်မြှောက်ခံရတဲ့ ကာကွယ်ရေးဦးစီးချုပ်ဟောင်း အငြိမ်းစားဗိုလ်ချုပ်ကြီးသူရဦးတင်ဦးကိုလည်း၊ အဲဒီအချိန်က လွှတ်တော်ရဲ့ရွေးချယ်တင်မြှောက်မှုနဲ့ပတ်သက်ပြီး မေးကြည့်ခဲ့ပါတယ်။ အန်ကယ် ဒုကာကွယ်ရေးဦးစီးချုပ်(ကြည်း) ကနေပြီးတော့မှ ကာကွယ်ရေးဦးစီးချုပ်ဖြစ်တဲ့အချိန်မှာ၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေပေါ်လာပါပြီလားခင်ဗျ။

ဦးတင်ဦး။ ။ ကျနော် ဒုကာကွယ်ရေးဦးစီးချုပ် ဖြစ်တာက ၁၉၇၂ ခုနှစ်။ ၁၉၇၄ ခုနှစ်ကျတော့ သူတို့ ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေလုပ်ပြီးတော့ ပထမဦးဆုံးလွှတ်တော်ခေါ်တယ်။ အဲဒီအခါမှာ ကျနော်က ဗိုလ်မှူးချုပ်ကနေ ဗိုလ်ချုပ်ကြီး တခါတည်းဖြစ်သွားတာခင်ဗျ။ ၁၉၇၄ ခုနှစ် လွှတ်တော်အစည်းအဝေးကျင်းပတဲ့ မတ်လထဲမှာပဲ ခင်ဗျ။

ဦးရော်နီညိမ်း။ ။ ဟုတ်ကဲ့ အန်ကယ်။ အဲဒီတော့ ဒုချုပ်(ကြည်း) ကနေပြီးတော့၊ ကာကွယ်ရေးဦးစီးချုပ် အရင်ဖြစ်ပြီး နောက်တော့မှ လွှတ်တော်အစည်းအဝေးပေါ်လာပြီးမှကာကွယ်ရေးဝန်ကြီးအဖြစ်ထပ်ပြီး ပူးတွဲခန့်အပ်ခံရတာလားခင်ဗျ။

ဦးတင်ဦး။ ။ ဟုတ်တယ်။ ဗိုလ်ချုပ်(ဗိုလ်ချုပ်ကြီး)စန်းယုတို့ (ကာကွယ်ရေးဦးစီးချုပ်အဖြစ်မှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး အဖြစ်သို့) တက်သွားတဲ့အခါကျတော့၊ အဲဒီနေရာမှာ ကျနော်က ကာကွယ်ရေးဦးစီးချုပ်ဖြစ်တာပေါ့။ ပြီးတော့မှ ဝန်ကြီးက သပ်သပ်။ နောက်တော့ လွှတ်တော်ခေါ်တဲ့အချိန် ဝန်ကြီးတွေခန့်တော့မှ ကာကွယ်ရေးဝန်ကြီးဖြစ်တာခင်ဗျ။

ဦးရော်နီညိမ်း။ ။အန်ကယ် အဲဒီတုန်းက ဒီကာကွယ်ရေးဦးစီးချုပ်ဟာ ကာကွယ်ရေးဝန်ကြီး လုပ်ရမယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲမှာ ပြဋ္ဌာန်းထားတာလား ဒါမှမဟုတ် ဦးနေဝင်းရဲ့ တချက်လွှတ်အမိန့်နဲ့ပဲ၊ ပါတီရဲ့ CEC (Central Executive Committee - ဗဟိုအလုပ်အမှုဆောင်ကော်မီတီ) အစည်းအဝေးကနေ ဆုံးဖြတ်တာလား။ အဲဒါက ဘယ်လိုပါလဲ ခင်ဗျ။

ဦးတင်ဦး။ ။ အမှန်ကတော့ ကာကွယ်ရေးဦးစီးချုပ် သပ်သပ်ခန့်လည်းရတယ်။ ကာကွယ်ရေးဝန်ကြီးကို သပ်သပ်ခန့်ရင်လည်းရတယ်။ ဒါပေမယ့် အဲဒီတုန်းကတော့ တပါတီစနစ်ဆိုတဲ့ အတွက်ကြောင့်မို့ ကာကွယ်ရေးဦးစီး ချုပ်ကိုလည်း ကာကွယ်ရေးဝန်ကြီးအဖြစ် တခါထဲ တွဲပေးလိုက် တာပါပဲ။ ဥပဒေမှာကတော့ ကာကွယ်ရေးဦးစီးချုပ်ဟာ ကာကွယ်ရေး ဝန်ကြီးဖြစ်ရမယ် ဆိုတာမျိုးတော့ မဆိုလိုဘူး။

(၁၉၆၂) တော်လှန်ရေးကောင်စီ အာဏာသိမ်း တုန်းကလည်းပဲ အဲဒီလို အစဉ်အလာမျိုးဖြစ် လာတော့၊ အဲဒီအစဉ်အလာပေါ် မူတည်ပြီး ဖြစ်သွားတဲ့ သဘောပဲ။

ဦးရော်နီညိမ်း။ ။ ဟုတ်ကဲ့၊ အဲဒီတော့ အန်ကယ့်ကို နှစ်ခုစလုံး ပူးတွဲ တာဝန်ပေးအပ်တဲ့အပေါ်မှာ၊ အဲဒီအချိန်တုန်း က မကျေနပ်တဲ့လူ တပ်မတော်ခေါင်းဆောင်ပိုင်းမှာ ရှိခဲ့ပါသလားခင်ဗျ။ ဝန်ကြီးကော ကာကွယ်ရေးဦးစီးချုပ်ကော တဦးထဲကိုပေးတယ် ဆိုပြီးတော့။

ဦးတင်ဦး။ ။ အဲဒီလိုတော့မရှိဘူးခင်ဗျ၊ ဒါပေမယ့် ဒီကာကွယ်ရေးဝန်ကြီး မဲခွဲတဲ့အချိန်မှာ (လျှို့ဝှက်မဲပေးသည့်) ခလုပ်တွေနဲ့ နှိပ်တဲ့အချိန်မှာ ကျနော့်ကျတော့ ကန့်ကွက်မဲ နည်းနည်းပိုများတယ် ခင်ဗျ။ ကန့်ကွက်မဲ (၁၁) မဲလား (၁၂) မဲလား ပါတယ်။ အဲဒါတော့ ထူးခြားတဲ့သဘောရှိတယ်။ မဲပုံးထောင်တဲ့အခါမှာ အမှားနဲ့ အမှန်ပဲ၊ ကြိုက်တာနဲ့ မကြိုက်တာခြစ်ဖို့ပဲရှိတယ်။ တယောက်တည်းပဲ။ အဲဒီတယောက်တည်း nominate လုပ်တာကို မကြိုက်ရင် cross လုပ်၊ ကြိုက်ရင် အမှန်ခြစ်၊ ဒါပဲ။

ဦးရော်နီညိမ်း။ ။ ဟုတ်ကဲ့ အဲဒီတော့ အန်ကယ်က ကာကွယ်ရေးဦးစီးချုပ်ကော ကာကွယ်ရေးဝန်ကြီးပါ တာဝန်ယူတဲ့အချိန်မှာ၊ ဒုချုပ်(ကြည်း)ကို ဘယ်သူ့ကို တာဝန်ပေးပါသလဲ။

ဦးတင်ဦး။ ။ ဒုချုပ်(ကြည်း) ဆိုတာက၊ အဲဒီတုန်းက မူလ ကျနော်တို့တင်ထားတာကတော့ ဗိုလ်မှူးကြီးတင့်ဆွေ (နောင် စက်မှု (၁)ဝန်ကြီးအငြိမ်းစားဗိုလ်မှူးချုပ်ဦးတင့်ဆွေ)ခင်ဗျ။ ဗိုလ်မှူးကြီးတင့်ဆွေကို အားလုံးသဘောတူပြီး နောက်ပိုင်းကျမှ ဗိုလ်မှူးကြီးတင့်ဆွေကို ကာကွယ်ရေးဒုဝန်ကြီးပေးလိုက်ပြီးတဲ့နောက်၊ ဗိုလ်မှူးကြီး ကျော်ထင်ကို ဒုချုပ်(ကြည်း) ပေးလိုက်ပြီးတော့၊ ဗိုလ်မှူးချုပ်ကျော်ထင်ဆိုပြီးဒုကာကွယ်ရေးဦးစီးချုပ်(ကြည်း) တာဝန်ပေးလိုက်တာဖြစ်ပါတယ်ခင်ဗျ။

ဦးရော်နီညိမ်း။ ။ ဟုတ်ကဲ့၊ အဲဒီတော့ အန်ကယ်တို့အချိန်တုန်းကလည်း၊ ဗိုလ်မှူးကြီးတင့်ဆွေဟာ ဒုကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဖြစ်လာမယ်၊ တပ်မတော်မှာ ဒုတိယအကြီးအကဲဖြစ်လာမယ်လို့ အားလုံးက မျှော်လင့်နေတဲ့အချိန်မှာ သူကမဖြစ်ဘဲနဲ့ ဒုဝန်ကြီးဖြစ်သွားပြီးတော့၊ တခြားတယောက်ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးကျော်ထင်က ဒုချုပ်(ကြည်း) ဖြစ်လာတဲ့အပေါ်မှာ "ကျနော်တော့ ဒုဝန်ကြီး မလုပ်နိုင်ပါဘူး၊ ကျနော် ဒီတာဝန်ကိုမယူနိုင်ပါဘူး" ဆိုတဲ့ ကိစ္စမျိုး ပေါ်ခဲ့ဖူးပါသလားခင်ဗျ။ အခုတော့ ပေါ်တယ်လို့ သတင်းက ထွက်နေပါတယ်။

ဦးတင်ဦး။ ။ မပေါ်ပါဘူးခင်ဗျ။ အဲဒီ ဥစ္စာက နည်းနည်းလေးရှုပ်ထွေးတဲ့ သဘောရှိတယ်။ ဒီလိုပါ၊ အဲဒီဟာနဲ့ပတ်သက်ပြီး လွှတ်တော်

**စာမျက်နှာ ၁၄ သို့**

# ကော့ကရိတ်မြို့နယ်မှာ တိုက်ပွဲဆက်ဖြစ်

**DVB ၊ ဖေဖော်ဝါရီ ၁၈ ။** ။ ကရင်ပြည်နယ် မြဝတီနဲ့ ကော့ကရိတ်မြို့ အကြား ကျောက်တလုံး နအဖတပ်စခန်းအနီးမှာ မနေ့ညနေပိုင်းကဖြစ်တဲ့ တိုက်ပွဲမှာ နအဖတပ်သား ၃ ဦးလောက် ထိခိုက်သေဆုံးတယ်လို့ ဒီကေဘီအေရဲ့ ရှေ့တန်း တပ်မှူးဗိုလ်မှူး ဆန်းအောင်က ပြောပါတယ်။

တိုက်ပွဲဖြစ်တဲ့နေရာက ကားလမ်းတွေပေါ်မှာ ဖြစ်တဲ့အတွက် လူထုတွေ ထိခိုက်ရလေ့မရှိအောင် မြဝတီ–ကော့ကရိတ်လမ်းကို အသုံးမပြုကြဖို့ ဗိုလ်မှူး ဆန်းအောင်က ထပ်ပြီးသတိပေးပါတယ်။

“တိုက်ပွဲက လက်ရှိ မြဝတီကားလမ်း ကျောက်တလုံး တပ်စခန်းနားမှာ ဖြစ်တယ်နော်၊ မနေ့မွန်းလွဲ ၂ နာရီကနော် ၃ ယောက်သေပြီး ၂ ယောက် ဒဏ်ရာရတယ်လို့သိရတယ်။ ကျနော်တို့ဘက်က ထိခိုက်ဒဏ်ရာမရှိဘူး နော်။ အခုလက်ရှိ ပြည်သူလူထုက စားဝတ်နေရေးအတွက်သွားနေမှာပဲ။ ဖြစ်နိုင်မယ်ဆိုရင် ပြည်သူလူထုတွေ မသွားဖို့ ကျနော်တို့ နောက်ထပ်ပြန် ပြီးတော့ နှိုးဆော်အသိပေးချင်တယ်ပေါ့။ ဒီလမ်းကြောင်းက ကျနော်တို့ကရ အောင်ပိတ်ရမယ်။ မပိတ်ဘူးဆိုရင် ဒီလမ်းကြောင်းမှာရှိနေတဲ့ ငြိမ်းချမ်းရေး အဖွဲ့တွေဟာ လမ်းကြောင်းပေါ်က ရတဲ့ ငွေတွေကို မက်မောပြီးတော့ သူတို့သ မိုင်းပေးတာဝန်တွေကိုမေ့နေတယ်။ ကျနော်တို့ က စစ်အာဏာရှင်မြဲနေသရွေ့ က ကျနော်တို့က စစ်ရေးအရ ရပ်ထားတယ်ဆိုတာမရှိဘူး။”

ဒီကေဘီအေတပ်ဖွဲ့ဟာ မြဝတီကော့ကရိတ်လမ်းကို မသုံးဖို့ အခုလ ၁၂ ရက်နေ့ ကတည်းက တရားဝင်ထုတ်ပြန်ထားခဲ့တာ ဖြစ်ပါတယ်။ မနေ့ ကလည်း ကော့ကရိတ်မြို့နဲ့ မလှမ်းမကမ်းမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့ပေမယ့် အသေးစိတ် ကိုတော့ မသိရသေးဘူးလို့ ဗိုလ်မှူးဆန်းအောင်က ပြောပါတယ်။ အခုလ ၁၅ တုန်းကလည်း ကော့ကရိတ်မြို့နယ် ဖလူးဒေသမှာ ဒီကေဘီအေက မြုံခိုတိုက်ခိုက်မှုကြောင့် နအဖ တပ်ခွဲမှူးတဦး အပါအဝင် ၁၀ ဦးခန့်ကျဆုံးပြီး တဒါဇင်လောက် ဒဏ်ရာရခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာ ၇ ရက်နေ့ကနေစပြီး အခုချိန်ထိ ကရင်ပြည်နယ်ထဲမှာ နေ့စဉ် တိုက်ပွဲတွေ ဖြစ်ပွားနေတာပါ။

---

**စာမျက်နှာ ၇ မှ**

ရာထူးများကိုလည်း ဒေါ်လှလှမြင့်က ချပေးခဲ့ခြင်းဖြစ်သည်ဟု စည်ပင် အသိုင်းအဝိုင်းက ပြောသည်။

“ပထမတကြိမ် တိုင်းက လာစစ်တယ်။ အဲဒီတုန်းက ဒေါ်လှလှ မြင့်က သူ့လူတွေကိုပဲ ခေါ်ပြီး ၁၃၈၀၀ ပဲ ကောက်တယ်လို့ ပြောခိုင်း တယ်လေ။ အခု မနေ့က ကျနော်တို့တင်တဲ့အထဲမှာ သူတို့လူမဟုတ် တဲ့တခြားဆိုက်ကားသမားတွေကို ခေါ်မေးဖို့ပါပါတယ်”ဟု သွားရောက် တိုင်တန်းခဲ့သည့် ဆိုက်ကားသမားတဦးက မဇ္ဈိမကို ပြောသည်။

ဆိုက်ကားသမား ၁ ထောင်ကျော်သည် နှစ်စဉ် မြောင်းမြ ဘိုးဘွားရိပ်သာအတွက် အလှူငွေများ လှူဒါန်းသည့်အပြင် ဝါတွင်း ၄ လ အလှူငွေများ၊ သာရေးနာရေးအတွက် အလှူငွေများကိုလည်း တနှစ်စာ ပုံမှန်သွင်းပေးနေကြောင်း သိရပြီး၊ ဆိုက်ကားသမားထဲမှ တဦးဦး ဒုက္ခရောက်ခဲ့လျှင် ကူညီရန်အတွက်ပါ အသင်းတွင် စုငွေများ ထားရှိသည်ဟု ဆိုသည်။

ထို့ကြောင့် တိုင်းနှင့် မြို့နယ် မယက မှ စုံစမ်းစစ်ဆေးရေးများ လာရောက်စစ်ဆေးသည့်အခါ ဆိုက်ကားယာဉ် အသင်း၏ ဘဏ်၌ အပ်ထားငွေများကို ပြန်လည်စစ်ပေးစေလိုကြောင်း ဆိုက်ကားသမား များက ပြောဆိုကြသည်။

မြို့နယ်စည်ပင် ဒုအခွန်ဦးစီးမှူး ဒေါ်လှလှမြင့်ထံ မဇ္ဈိမက ဆက် သွယ်ကြည့်သော်လည်း ဆက်သွယ်၍မရခဲ့ပါ။

**စာမျက်နှာ ၁၃ မှ**

ခေါ်ခါနီးမှာ ကျနော်ကတော့ ကာကွယ်ရေးဦးစီးချုပ်ဖြစ်မယ် ဆိုတော့၊ ဒုချုပ်(ကြည်း) အဖြစ် ကျနော်တို့ ဗိုလ်မှူးကြီးတင့်ဆွေကို nominate လုပ်တယ်။ ဗိုလ်မှူးကြီးတင့်ဆွေက အတည်ဖြစ်လောက်တဲ့အထိ ဖြစ် သွားပြီခင်ဗျ။ ဖြစ်သွားပြီးတော့မှ အဲဒီမှာ လွှတ်တော်ခေါ်နေတုန်းပဲထင် ပါတယ်ခင်ဗျ၊ အဲဒီလိုအချိန်မှာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှာဒါနဲ့ပတ် သက်ပြီးတော့ ဗိုလ်ချုပ်စန်းယုက တင်ပြလာတာရှိတယ်ခင်ဗျ။ သူ့ရဲ့ ဆန္ဒကတော့ ဗိုလ်ချုပ်ကျော်ထင်ကို ပေးချင်တယ်ဆိုတဲ့ သဘော။ ဗိုလ်မှူးကြီးတင့်ဆွေကိုတော့ လောလောဆယ်မှာ မပေးချင်သေးတဲ့ သဘောပေါ့။ အဲဒီလိုဖြစ်တယ်ခင်ဗျ။ အဲဒီအခါမှာ ဒါနဲ့ပတ်သက်လို့ ကျနော်ကတော့ ဗိုလ်မှူးကြီးတင့်ဆွေကိုပဲ ပေးချင်တယ်ဆိုပြီးတော့၊ တော်တော်လေးပဲပြောတာရှိတယ်။ သို့သော်နောက်ပိုင်းကျတော့ဘယ် လိုဖြစ်သွားလဲဆိုတော့ကာ၊ ဒါနဲ့ ပတ်သက်ပြီးတော့ ဒါဟာ ကျနော်တို့ ဒီ No. 1 ကြီး (ဦးနေဝင်း) ပေါ့ဗျာ၊ သူ့ရဲ့ သဘောဆန္ဒအတိုင်းလုပ်ဖို့ ကောင်းတယ်။ သို့သော်လည်းပဲ မနစ်နာရအောင် ဒီလိုလုပ်ရင်ကောင်း မယ်ဆိုပြီး အကြံတခုပေးတယ်ခင်ဗျ။ အဲဒီပေးတဲ့ အကြံက ဘယ်သူ ပေးလဲဆိုတော့ကာ၊ ဗိုလ်မှူးကြီးကြည်မောင်ကပေးတယ်ခင်ဗျ။”

“ဒါက လည်း သူတို့အောက်မှာ ပြောပြီးဆိုပြီးထင်ပါတယ်ခင်ဗျ။ ဗိုလ်မှူးကြီးကြည်မောင်က “ဒီလိုလုပ်ပါလား ကာကွယ်ရေးဒုဝန်ကြီးဟာ လည်းပဲ အဆင့်မြင့်တာပဲ။ အဲဒီတော့ သူ့ (ဗိုလ်မှူးကြီးတင့်ဆွေ) ကို ဒုဝန်ကြီးပေးလိုက်ပြီးတော့ ဗိုလ်ချုပ်ကျော်ထင်ကို ဒုကာကွယ်ရေးဦးစီး ချုပ်(ကြည်း) ဖြစ်မယ်ဆိုပြီးပြောလိုက်တဲ့အခါမှာ အားလုံးကကောင်း သားပဲဆိုပြီးတော့ လက်ခံလိုက်ပြီးတော့ အဲဒီလို တင်လိုက်တယ်ခင်ဗျ။ ဒါပေမယ့်လို့နောက်ဆုံးထွက်လာတဲ့အခါကျတော့ဗိုလ်မှူးကြီးတင့်ဆွေ မပါလာပြန်ဘူးခင်ဗျ။ မပါလာဘူးဆိုတာက ဗိုလ်မှူးကြီးတင့်ဆွေဟာ ဒုဝန်ကြီးအဖြစ်နဲ့ကိုမပါလာဘူး။ အဲဒီအခါမှာကျနော်တော်တော်လေးပဲ စိတ်ထိခိုက်တာနဲ့ ဝန်ကြီးချုပ်ဗိုလ်ချုပ်စိန်ဝင်း (အငြိမ်းစားဗိုလ်မှူးချုပ် ဦးစိန်ဝင်း)ကို ကျနော်က သွားပြောတယ်ခင်ဗျ။”

သောတရှင်များ ခင်ဗျာ၊ ‘စစ်တပ်နှင့် အမိန့်နာခံမှု အပိုင်း(၆)’ ကို တော့နောက်သီတင်းပတ် စနေနေ့မနက်နဲ့ ညနေပိုင်းတွေမှာ ဗီအိုအေ မြန်မာပိုင်းအစီအစဉ်ရဲ့ ‘တပ်မှူးတပ်သားပြောစကား”ကဏ္ဍကနေဆက် ပြီးထုတ်လွှင့်ပေးသွားမှာ ဖြစ်ပါတယ်။ စောင့်မျှော် နားဆင် ကြပါ။

---

**စာမျက်နှာ ၁၅ မှ**

အမေရိကန် ပြည်ထောင်စုရဲ့လူထုအခြေပြု အဖွဲ့အစည်းများနဲ့မပြတ် ဆက်သွယ် ဆွေးနွေးပြီးတော့ သက်ဆိုင်ရာ တိုင်းပြည်များရဲ့အကျိုး စီးပွားကို ကူညီပံ့ပိုးမယ်ဆိုတာ အမေရိကန် အစိုးရကိုယ်စား Commit ent ပေါ့ဗျာ၊ ကတိကဝတ်ပြုတဲ့ လက်မှတ်ထိုးပွဲ တခုလည်း လုပ်ပါတယ်။ အဲဒါလည်း ကျနော်တို့ အများရှေ့မှာပဲ လက်မှတ်ထိုးတာပါ။”

အခုလို အမေရိကန် နိုင်ငံခြားရေးဌာန အရာရှိတွေနဲ့ ကမ္ဘာ အရပ်ရပ်က လူထုအခြေပြု အဖွဲ့တွေကြား ဆွေးနွေးပွဲလုပ်တဲ့အချိန် မှာ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံအတော်များများမှာ လူထုလှုပ်ရှားမှု တွေပေါ်နေပြီး အစိုးရတွေ မတည်မငြိမ် ဖြစ်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီဆွေးနွေးပွဲအတွင်းမှာ အီဂျစ်၊ အီရန်နဲ့ အရှေ့အ လယ်ပိုင်း ကိစ္စကတော့ အတော်လေးနေရာယူခဲ့တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

# နိုင်ငံတကာ လူထုအခြေပြု အဖွဲ့အစည်းတွေကို အမေရိကန် ပံ့ပိုးသွားမည်

**VOA । ဖေဖော်ဝါရီ ၁၆ ။** ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန် (Hillary Clinton) ဟာ ကမ္ဘာ့နိုင်ငံ အရပ်ရပ်က လူထုအခြေပြု အဖွဲ့အစည်း ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံပြီး အမေရိကန်အစိုးရနဲ့ကမ္ဘာ့နိုင်ငံအသီးသီးကလူထုအခြေပြုအဖွဲ့အစည်းတွေနဲ့ ရှေ့ဆက် ဘယ်လို ပူးပေါင်း ဆောင်ရွက်သွားနိုင်မလဲ ဆိုတဲ့ကိစ္စရပ်တွေကို တိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ လူထုအဖွဲ့အစည်းတွေကို ကိုယ်စားပြုပြီး USCB အမေရိကန် အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ အမှုဆောင် ညွှန်ကြားရေးမှူး ဦးအောင်ဒင်လည်း ဒီဆွေးနွေးပွဲမှာ တက်ရောက်ခဲ့ပါတယ်။ ဒီဆွေးနွေး ပွဲရဲ့ ထူးခြားမှုနဲ့ ပတ်သက်လို့ ကိုသားညွှန့်ဦးက စုံစမ်းမေးမြန်းပြီး တင်ပြပေး ထားပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး တဦးအနေနဲ့ နိုင်ငံအသီးသီးမှာရှိတဲ့လူထုအဖွဲ့အစည်းကိုယ်စားလှယ်တွေနဲ့တစုတစည်းတည်း မဟာဗျူဟာမြောက် ဆွေးနွေးညှိနှိုင်းမှုလုပ်တာ ဒါ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးမှာ အစိုးရချင်း ဆက်ဆံရေးတင် မဟုတ်တော့ဘဲ လူ့အဖွဲ့အစည်း အချင်းချင်း ဆက်ဆံမှု၊ အထူးသဖြင့် အစိုးရ မဟုတ်တဲ့ လူထုအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍကိုလည်း ထည့်သွင်းရမယ်ဆိုတဲ့ အမေရိကန် အစိုးရရဲ့ မူဝါဒကို ထင်ဟပ်ဖော်ပြတဲ့ ဆွေးနွေးပွဲ ဖြစ်တယ်လို့ ဆွေးနွေးပွဲ အစမှာပဲ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဝီလီယမ် ဘန်းစ် (William Burns) က ပြောသွားပါတယ်။

အမေရိကန် ပြည်ထောင်စုအနေနဲ့ ကမ္ဘာအနှံ့ ဒီမိုကရေစီအပြောင်းအလဲတွေ ဖြစ်လာစေဖို့ အစိုးရတွေနဲ့တင် မဟုတ်ဘဲအစိုးရမဟုတ်တဲ့ အခြားသော အစိတ်အပိုင်းတွေနဲ့ပါဆက်ဆံပူးတွဲ ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က ဒီအစည်းအဝေး အဖွင့်မှာ ပြောသွားပါတယ်။

ဒါကြောင့်လည်း ဒီမိုကရေစီအပြောင်းအလဲတွေ ဖြစ်လာအောင် အမေရိကန်အစိုးရနဲ့ လူထုအဖွဲ့အစည်းတွေကြား ရှေ့ဆက် ဘယ်လိုပူးပေါင်း ဆောင်ရွက်ကြမလဲဆိုတာကို အခုစည်းဝေးပွဲအတွင်းမှာ အပြန်အလှန် ဆွေးနွေးခဲ့ကြတယ်လို့ ဆွေးနွေးပွဲကို တက်ရောက်ခဲ့သူတဦး ဖြစ်တဲ့ USCB အမေရိကန် ပြည်ထောင်စု အခြေစိုက် မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ကိုအောင်ဒင်က ပြောပါတယ်။

"အမေရိကန် အစိုးရနဲ့ လူထုအခြေပြု အဖွဲ့အစည်းတွေကြားမှာ ဘယ်လို ပူးပေါင်း ဆောင်ရွက်ကြမယ်။ နောက် ဒီ လူထုအခြေပြု အဖွဲ့အစည်းများရဲ့ အကြံပြုချက်နဲ့ တင်ပြချက်တွေက အမေရိကန် အစိုးရရဲ့နိုင်ငံခြားရေးရာ မူဝါဒတွေကို ဘယ်လိုမျိုး တစုံတရာ အကျိုးရှိမယ်၊ အကျိုးပြုမယ်၊ အဲဒီလို အတွေးအခေါ်တွေကို ဆွေးနွေးကြတဲ့ သဘောပါပဲ။" အမေရိကန် အစိုးရ အနေနဲ့ အစိုးရတင် မဟုတ်ဘဲ တကယ့်လူထုအခြေပြုအဖွဲ့အစည်းတွေနဲ့တွေ့ဆုံတာပထမဦးဆုံးလို့ သိရ ပါတယ်။ အဲတော့ အဓိက ဘယ်လိုရည်ရွယ်ချက်နဲ့ အခုလို စတွေ့တာလဲခင်ဗျ။

"ကမ္ဘာတဝန်းမှာ အစိုးရတွေက အစိုးရချင်း အစိုးရချင်း ဆက်ဆံကြ၊ ပတ်သက်ကြသလိုပဲ လူထုအခြေပြု အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကလည်း သက်ဆိုင်ရာ နိုင်ငံများရဲ့ အရေးအရာမှာ အင်မတန်အရေးကြီးတယ်ဆိုတာ သူတို့ လက်ခံလာတဲ့သဘောပါပဲ။ ကျနော်တို့အတွက်ကတော့ ကြီးမားတဲ့ အခွင့်အရေးပေါ့ဗျာ။ အမေရိကန်ပြည်ထောင်စုရဲ့ အဓိကကျတဲ့ နိုင်ငံခြားရေးရာ တာဝန်ရှိပုဂ္ဂိုလ်တွေကိုကျနော်တို့က မျက်နှာချင်းဆိုင်တွေ့ပြီးတော့ သက်ဆိုင်ရာ ကိုယ့်နိုင်ငံရဲ့ အကြောင်းချင်းရာတွေကို ဆွေးနွေးခွင့်၊ ပြောဆိုခွင့်ရတာအင်မတန်မှ ကြီးမားတဲ့ အခွင့်အရေး တရပ်ပါပဲ။"

မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ရော ကိုအောင်ဒင်တို့ ဘာများ ဆွေးနွေးဖြစ်လဲခင်ဗျ။

"အဓိက အချက် ၂ ချက် ထောက်ပြပါတယ်။ ဘယ်နိုင်ငံမှာမဆို တိုင်းပြည်တွင်းမှာ ရှိနေတဲ့ လူထုကသာလျှင် တိုင်းပြည်ရဲ့ ကံကြမ္မာ၊ တိုင်းပြည်ရဲ့ နိုင်ငံရေး အပြောင်းအလဲကို အဆုံးအဖြတ် ပေးရမှာပေါ့။ ဒါကြောင့် အဲဒီလို လူထုရဲ့ ကြံ့ခိုင်သန်စွမ်းရေးအတွက် ထောက်ပံ့တာ အားလုံးကို ကျနော်တို့က ကျေးဇူးတင်တယ်။ တဘက်မှာကျတော့ လူထု ကြံ့ခိုင်သန်စွမ်းအောင် ဘယ်လောက်ပဲ ကူညီကူညီ၊ တဘက်မှာ မတရားမှုတွေက သိပ်ကြီးမားတယ်ဆိုရင် အဲဒီ လူထုရဲ့ ကြံ့ခိုင်မှုကလည်း အဟန့်အတား ဖြစ်မှာပဲပေါ့။

"အခု ကျနော်တို့ မြန်မာနိုင်ငံ ဥပမာအနေနဲ့ပဲ ပြောမယ်ဆိုရင် လူထုရဲ့ ဆန္ဒကို အကြီးအကျယ် ဖော်ထုတ်ခဲ့ကြပြီးပြီ။ ဒါပေမဲ့ လူထုဆန္ဒတွေက အခုချိန်ထိ အောင်မြင်မှု မရသေးဘူး။ ဘာကြောင့်လဲဆိုတော့ စစ်တပ်ရဲ့ အကြမ်းဖက်မှုတွေကြောင့်။ အမေရိကန် အစိုးရအနေနဲ့ လူထုအခြေပြု အဖွဲ့အစည်းတွေကို ထောက်ပံ့ ကူညီသလိုပဲ တဘက်မှာ အာဏာရှင်တွေကို ဖိအားပေးနေတဲ့ အာဏာရှင် နိုင်ငံကြီးတွေကိုလည်း ထိထိရောက်ရောက် ဖိအားပေးပြီးတော့ အာဏာရှင်စစ်အစိုးရတွေကို ထောက်ပံ့တာ ရပ်တန့်အောင်လုပ်ဖို့ လိုပါတယ်ဆိုပြီး ကျနော် အဲဒီတချက် တင်ပြပါတယ်။

"နောက်တခုက လူထုအခြေပြု အဖွဲ့အစည်းဆိုတဲ့ နေရာမှာလည်း ၂ ခုရှိပါတယ်။ ဆိုလိုတာက မြန်မာနိုင်ငံမှာဆိုရင်ဗိုလ်ချုပ်ကတော်တွေက ဦးဆောင်ဖွဲ့ထားတဲ့ အစိုးရမဟုတ်သော အဖွဲ့ အစည်းများဆိုတာရှိတယ်။ အဲတော့ လူထုအခြေပြု အဖွဲ့အစည်းကို ဆက်ဆံကူညီတဲ့နေရာမှာ သေသေချာချာခွဲခြားဖို့၊ ဘယ် အဖွဲ့အစည်းက အစစ်အမှန် ဖြစ်ပြီးတော့ ဘယ်အဖွဲ့အစည်းကအတု အယောင်ဆိုတာ ခွဲခြားပြီးတော့ စစ်မှန်တဲ့ အဖွဲ့အစည်းကိုသာ လေးလေးနက်နက် ကူညီထောက်ပံ့ပြီး မစစ်မှန်တဲ့ အဖွဲ့အစည်းများကို ရှောင်ကျဉ်ဖို့၊ အဲဒီ ၂ ချက် ကျနော် တင်ပြခဲ့ပါတယ်။"

အခု ဒီနေ့ အစည်းအဝေးမှာ နိုင်ငံခြားရေးဝန်ကြီး ကလင်တန်လည်း တက်တယ်ဆိုတော့ လူထုအဖွဲ့အစည်းတွေနဲ့ ပတ်သက်လို့ရော အမေရိကန်အစိုးရအနေနဲ့ရော တစုံတရာ ကတိကဝတ်ပြုတာ ရှိပါသလားခင်ဗျ။

"ရှိပါတယ်။ သူတို့ ကတိကဝတ်က အဲဒီမှာဆိုရင် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က Commitment Signing ဆိုတာ လုပ်တယ်။

**စာမျက်နှာ ၁၄ သို့**

# ဒေါ်အောင်ဆန်းစုကြည် လုံခြုံရေးအတွက် နအဖပိုလ်ချုပ်တွေမှာ တာဝန်ရှိ

**VOA | ဖေဖော်ဝါရီ ၁၆ ။** ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးဟာ မြန်မာအစိုးရရဲ့ တာဝန်ဖြစ်တယ်လို့ အမေရိကန် ပြည်ထောင်စုက ထပ်မံ သတိပေး လိုက်ပါတယ်။ မြန်မာအစိုးရ သတင်းစာတွေကနေ ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်ဝေဖန် ရေးသားလာမှုတွေကြောင့် သူ့ရဲ့ လုံခြုံရေးအတွက် အမေရိကန် ပြည်ထောင်စုက စိုးရိမ်ပူပန်ကြောင်း အမေရိကန် အစိုးရပိုင်းရော၊ လွှတ်တော်ဘက်ကပါ ပြောဆိုလာကြတာ ဖြစ်ပါတယ်။ အပြည့်အစုံကို ကိုသားညွှန့်ဦးက တင်ပြပေးထားပါတယ်။

မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာအစိုးရပိုင် သတင်းစာတွေက ဝေဖန်တိုက်ခိုက် ရေးသားလာတဲ့ နောက်ပိုင်း ဒေါ်အောင်ဆန်းစုကြည် ဘေးကင်းလုံခြုံရေးအတွက်အမေရိကန် ပြည်ထောင်စု အနေနဲ့ စိုးရိမ်တဲ့အကြောင်း နိုင်ငံခြား ရေးဌာနက သတင်းထုတ်ပြန်ခဲ့ပါတယ်။

ဗုဒ္ဓဟူးနေ့ သတင်းစာရှင်းလင်းပွဲ အတွင်းမှာလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးဟာ မြန်မာအစိုးရအပေါ်မှာ အဓိက တာဝန်ရှိတယ်လို့ နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ ပီ.ဂျေ ခရော်လီ (P.J Crowley) က ပြောသွားပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ သူမ အနီးအနားမှာရှိသူ အားလုံးကို အကာအကွယ်ပေးဖို့ ကိစ္စဟာ မြန်မာအစိုးရရဲ့ တာဝန် ဖြစ်ပါတယ်။"

မြန်မာအာဏာပိုင်တွေ အနေနဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို တရားဝင် နိုင်ငံရေးပါတီ တရပ်အဖြစ် အသိအမှတ်ပြုဖို့ လိုသလို ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒီမိုကရေစီ အင်အားစုတွေ၊ တိုင်းရင်းသား လူနည်းစုတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ စလုပ်ဖို့ကိုလည်း အမေရိကန် ပြည်ထောင်စုက တိုက်တွန်းပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာသတင်းစာတွေက ဝေဖန်တိုက်ခိုက်တဲ့အပေါ်မှာ နိုင်ငံခြားရေးဌာနက အခုလို စိုးရိမ်တဲ့အကြောင်း ထုတ်ပြန်သလိုအမေရိကန်အထက်လွှတ်တော်ရဲ့ ကင်တာကီပြည်နယ်ဝါရင့် ရီပတ်ဘလီကန် ခေါင်းဆောင် မစ်ချ် မက်ကောနဲလ် (Mitch McConnell) ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို အင်္ဂါနေ့ မနက်မှာ ဖုန်းနဲ့ စကားပြောခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အခုလိုမျိုး တိုက်ခိုက်ခြိမ်းခြောက်တာမျိုးကို ဒီမိုကရေစီကမ္ဘာက ဝိုင်းဝန်းအပြစ်တင်ဖို့ လိုမယ်လို့ အထက်လွှတ်တော်အမတ် မစ်ချ် မက်ကောနဲလ်က ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်တွေကို မကြာခင်က ခြိမ်းခြောက်မှုတွေ ရှိလာတဲ့အပေါ် ကျနော် အင်မတန် စိုးရိမ်မိပါတယ်။ ဒီလို ခြိမ်းခြောက်မှုမျိုးတွေဟာ ခံပြင်းစရာကောင်းပြီး လွတ်လပ်မှုနဲ့ ဒီမိုကရေစီကို တန်ဖိုးထားတဲ့ ကမ္ဘာ့အသိုင်းအဝိုင်း အနေနဲ့ ဒီကိစ္စကို ဝေဖန် ရှုတ်ချသင့်ပါတယ်။ ဒါကြောင့်လည်း တခြား ကျနော့်ရောင်းရင်း အထက်လွှတ်တော် အမတ်တွေနဲ့အတူမြန်မာနိုင်ငံအခြေအနေနဲ့ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေး ကိစ္စတွေကို အနီးကပ် စောင့်ကြည့်သွားမှာပါ။"

မြန်မာနိုင်ငံအပေါ်မှာ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ သဘောထားကို ထုတ်ပြန်တဲ့ အပေါ်မှာ စနေနေ့ အစိုးရသတင်းစာတွေကနေ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို ဝေဖန်ရေးသားခဲ့ပါတယ်။ ဒီသဘောထားတွေအတိုင်းဆိုရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ သမိုင်းနိဂုံးကို ဦးတည်နေပြီ ဆိုပြီး သတိပေးရေးသားထားပါတယ်။ ဒါဟာ ခြိမ်းခြောက်မှုတရပ် ဖြစ်တယ်လို့ အမေရိကန် ပြည်ထောင်စုဘက်က ယူဆပုံ ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၃ ခုနှစ်တုန်းက မြန်မာအစိုးရ သတင်းစာတွေမှာ နေစဉ် ဆက်တိုက် ဝေဖန်တိုက်ခိုက်ရေးသားလာပြီးနောက် အထက်မြန်မာပြည်ခရီးစဉ်အတွင်း စစ်ကိုင်း ဒီပဲယင်းအနီးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ချုပ် အဖွဲ့ဝင်တွေကို အစိုးရလိုလားသူတွေက ညပိုင်းမှာ အကြမ်းဖက်တိုက်ခိုက်ခဲ့ကြပါတယ်။ သေဆုံးသူတွေနဲ့ ဒဏ်ရာရသူတွေရှိကြပေမဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကတော့ သီသီလေး လွတ်မြောက်နိုင်ခဲ့ပါတယ်။

အဲဒီ အကြမ်းဖက်တိုက်ခိုက်မှု အပေါ်မှာ မြန်မာစစ်အစိုးရဘက်က လက်သည်မဖော်နိုင်ခဲ့သလို ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်ကျယ်ချုပ်ထားလိုက်တာနဲ့ပဲ အဲဒီတုန်းက အဲဒီပြဿနာကို အဆုံးသတ်ခဲ့ပါတယ်။

---

## အင်တာနက်လွတ်လပ်ခွင့်နဲ့ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြင်းထန်စွာဝေဖန်

**RFA | ဖေဖော်ဝါရီ ၁၆ ။** ။ အင်တာနက်လွတ်လပ်ခွင့်မရှိတဲ့ နိုင်ငံတွေနဲ့ပတ်သက်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က ဖေဖော်ဝါရီ ၁၅ ရက် မနေ့က ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုခဲ့တဲ့အထဲမှာ မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုဝါရှင်တန်ဒီစီမြို့တော်ရှိနာမည်ကျော် ဂျော့ချ်ဝါရှင်တန်တက္ကသိုလ်မှာပြောသွားတဲ့ သူ့ရဲ့မိန့်ခွန်းမှာ အီဂျစ်၊ အီရန်၊ ဆီးရီးယား၊ တရုတ်နဲ့မြန်မာနိုင်ငံတွေမှာ အင်တာနက်ဆက်သွယ်ရေးလမ်းကြောင်းတွေကို တင်းတင်းကျပ်ကျပ်ပိတ်ပင်ထားတဲ့အကြောင်းပြောကြားရင်း အာဏာရှင်အစိုးရတွေအနေနဲ့ နိုင်ငံသူနိုင်ငံသားတွေကို အင်တာနက် လွတ်လပ်စွာအသုံးပြုခွင့်ပေးဖို့လိုအပ်ကြောင်း မစ္စစ်ကလင်တန်က တောင်းဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်တဲ့သတင်းအင်တာနက် ဝက်ဘ်ဆိုက်တွေကို ဖွင့်လို့မရအောင် နှောင့်ယှက် တိုက်ခိုက်တာတွေရှိကြောင်း။ ကျူးဘားမှာဆိုရင် ပြည်ပက အင်တာနက်စာမျက်နှာတွေကို ကြည့်လို့မရအောင် ပိတ်ပင်ထားကြောင်း။ ဗီယက်နမ်မှာတော့ အစိုးရကိုဝေဖန်တဲ့ဘလော့ဂါသမားတွေကို ဖမ်းဆီးနှိပ်စက်ထိန်းသိမ်းတာတွေ ရှိနေကြောင်း သူကပြောသွားပါတယ်။

ဒါ့အပြင် တရုတ်အစိုးရက အင်တာနက်စာမျက်နှာတွေကို တင်းတင်းကျပ်ကျပ် စိစစ်ဖြတ်တောက်တာကိုလည်း ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့မိန့်ခွန်းမှာ အင်တာနက်လွတ်လပ်ခွင့်အပေါ် ပြည်သူတွေရဲ့ပြင်းထန်တဲ့ဆန္ဒတွေကို အာဏာရှင်အစိုးရတွေအနေနဲ့ အချိန်အကြာကြီး ပိတ်ပင်ထားလို့မရဘူးဆိုတာကို သတိပေး ပြောကြားသွားပါတယ်။

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

**ခင်မမမျိုး**

**ယခင်အပတ်အဆက်**

ဒါကြောင့် Track I ခေါင်းဆောင်မှု တာဝန်ဆိုတာ အလွန်အရေးကြီးပါတယ်။ ဒီတာဝန်ကိုယူဖို့ ကြိုးစားတဲ့ ခေါင်းဆောင်တွေ (သို့မဟုတ်) အများကသဘောတူ ရွေးချယ်ထားတဲ့ ခေါင်းဆောင်တွေဟာ မိမိတို့ကို လူထုရဲ့ ဘယ်လောက်ရာခိုင်နှုန်းက ခေါင်းဆောင်အဖြစ် ဘယ်အခြေအနေထိ ကိုယ်စားပြု ခွင့်ပေးထားသလဲဆိုတာကို စဉ်ဆက်မပြတ် အကဲဖြတ်နေဖို့ လိုအပ်ပါတယ်။

Track II ခေါင်းဆောင်တွေကတော့ အစိုးရအဖွဲ့အစည်းတွေ၊ အတိုက်အခံအဖွဲ့အစည်းတွေမှာ တရားဝင် တာဝန်ထမ်းဆောင်မှုမရှိပေမယ့် လူ့အဖွဲ့အစည်းတွင်းမှာ သြဇာသက်ရောက်သူများဖြစ်ပါတယ်။ Track II ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး အမိပ္ပာယ်ဖွင့်ဆိုချက်တွေအများအပြားရှိပါတယ်။ Lederach က Track II ခေါင်းဆောင်သုံးမျိုးကို ခွဲခြားဖော်ပြခဲ့ပါတယ်။ ပထမတမျိုးကတော့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနယ်ပယ်က လူအများလေးစားခံရတဲ့လူပုဂ္ဂိုလ်တွေကို Track II ခေါင်းဆောင်တွေအဖြစ် သတ်မှတ်တာဖြစ်ပါတယ်။ဒုတိယတမျိုးကတော့ဘာသာရေးအဖွဲ့အစည်းတွေ၊တက္ကသိုလ်တွေနဲ့ လူမှုရေးအဖွဲ့အစည်းတွေကို Track II ခေါင်းဆောင်မှုအဖြစ် သတ်မှတ်တာ ဖြစ်ပါတယ်။ တတိယတမျိုးကတော့ ပဋိပက္ခဖြစ်ပွားနေတဲ့ ဘက်နှစ်ဘက်ဆီက အလယ်အလတ်တန်း ခေါင်းဆောင်တွေ ဖြစ်ပါတယ်။

Track II ခေါင်းဆောင်မှုဟာ ပညာရေးရေချိန်နဲ့ လူမှုရေးရေချိန်မြင့်မားတဲ့ ပရော်ဖက်ရှင်နယ်တွေ အများဆုံးပါဝင်တဲ့ အဆင့်ဖြစ်တဲ့အတွက် ပဋိပက္ခတွေတင်းမာနေတဲ့အချိန်နဲ့ political deadlock ဖြစ်နေချိန်တွေမှာ စေ့စပ်ဆွေးနွေးရေး၊ ငြိမ်းချမ်းရေးအမျိုးသားပြန်လည်သင့်မြတ်ရေးစတဲ့အရေးတွေကို ဆောင်ရွက်ဖို့ အသင့်တော်ဆုံးဖြစ်ကြောင်း ပညာရှင်များက ထောက်ပြခဲ့ကြပါတယ်။ ပြဿနာတွေကို ညှိနှိုင်းအဖြေရှာတဲ့ အုပ်စုတွေကို ဖွဲ့စည်းပြီး ပဋိပက္ခဖြစ်နေတဲ့ဘက်နှစ်ဘက်အကြားမှာ ညှိနှိုင်းဆောင်ရွက်မှုတွေကို ပြုလုပ်နိုင် သူအများစုဟာ Track II ခေါင်းဆောင်မှုမှာ ပါဝင်နေတတ်ပါတယ်။

Track III ခေါင်းဆောင်မှုမှာ ဒေသဆိုင်ရာ ပညာရေး၊လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းတွေကခေါင်းဆောင်တွေနဲ့ပရော်ဖက်ရှင်နယ်တွေပါဝင်ပါတယ်။ အန်ဂျီအိုအဖွဲ့အစည်းတွေ၊ တက်ကြွလှုပ်ရှားမှုအဖွဲ့အစည်းတွေပါဝင်တဲ့အတွက် လူထုနဲ့တသားတည်းဖြစ်နေသူတွေအများဆုံးပါဝင်ပါတယ်။ ပဋိပက္ခဖြေရှင်းရေး၊စေ့စပ်ဆွေးနွေးရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ Civil Society အားကောင်းဖို့က အလွန်အရေးကြီးပါတယ်။ Track III ခေါင်းဆောင်မှုက ဒီလိုအပ်ချက်ကို အဖြည့်ဆည်းပေးနိုင်ဆုံး အုပ်စုတခုဖြစ်ပါတယ်။

သတင်းမီဒီယာတွေက Track I ခေါင်းဆောင်တွေကို ပိုပြီး အာရုံထားလေ့ရှိပါတယ်။ ဒါကို Track II, III ခေါင်းဆောင်မှုက နားလည်ပြီး လုပ်ဆောင်သင့်တဲ့ လုပ်ငန်းစဉ်တွေကို မိမိတို့ဘာသာလုပ်ဆောင်နိုင်ဖို့လိုပါတယ်။ တခါတရံမှာ Track II, III ခေါင်းဆောင်တွေက ဒီသဘောကို နားမလည်ပဲ ပေါ်ပြူလာ နိုင်ငံရေးနည်းလမ်းတွေကို အသုံးပြုပြီး မီဒီယာတွေပေါ် အတင်းခုန်တက်ခြင်း (သို့မဟုတ်)ကိုယ်ပိုင်လူထုဆက်ဆံရေး မီဒီယာဖြင့် ပေါ်ပြူလာဖြစ်အောင်ပြုလုပ် ခြင်းတွေရှိတတ်ကြပါတယ်။ ဒီလို လုပ်လာတဲ့အခါ Track II, Track III အဆင့်မှာ အကောင်အထည်ဖော်ထားတဲ့ လုပ်ငန်းစဉ်တွေကိုထိ ခိုက်စေတတ်ပါတယ်။ လူအများရဲ့အာရုံစိုက်မှုခံရလေလေ၊ လှုပ်ရှားမှုတွေအတွက် ဘောင်ကျဉ်းလေဖြစ်တတ်တာကို သတိပြုဖို့လိုပါတယ်။

နိုင်ငံရေးပညာရှင် Harold Saunders က စေ့စပ်ဆွေးနွေးရေးဖြစ်စဉ် အဆင့်ငါးဆင့်ကို ခွဲခြားပြီး အဆင့်တိုင်းမှာ Track I, II, III ခေါင်းဆောင်မှုရဲ့ အခန်းကဏ္ဍတွေကို ရေးသားဖော်ပြထားခဲ့ပါတယ်။ စေ့စပ်ဆွေးနွေးပွဲတိုင်းမှာ ဒီအဆင့် ငါးဆင့်ကို ဖြတ်သန်းဖို့လိုအပ်တာမဟုတ်ပေမယ့်၊ ဒီအဆင့်တွေကို သိခြင်းအားဖြင့် ဘယ်လိုကဏ္ဍမှာ ဘယ်လိုလူတွေက ဘယ်လိုတာဝန်တွေ ထမ်းဆောင်လို့ရတယ်ဆိုတာကို ခွဲခြားသိနိုင်ပါတယ်။ ဇာတ်ပွဲတခုကို အောင်အောင်မြင်မြင်ကနိုင်ဖို့ ဇာတ်ဆရာ၊ မန်နေဂျာ၊ ရှေ့ထွက်မင်းသား မင်းသမီး၊ ခေါင်းဆောင်မင်းသား၊မင်းသမီး၊ ဇာတ်က သူများ၊ မိတ်ကပ်ဆရာ၊ ကြိုးဆွဲ၊ ထမင်းချက် အားလုံးကကိုယ့်ကျွမ်း ကျင်တဲ့ တာဝန်ကို ကိုယ်ကျေပြွန်ဖို့လိုအပ်ပါတယ်။လူတိုင်းစင်ပေါ်တက်ပြီးဇာတ်ကချင်လို့ကတော့ဇာတ်ခေါင်းကွဲမှာပါပဲ။ စေ့စပ်ဆွေးနွေးရေးဆိုတာက ပဋိပက္ခတွေ ပြေလည်ဖို့ ဖြေရှင်းခြင်းဖြစ်တဲ့အတွက် အလွန်ခက်ခဲတဲ့ လုပ်ငန်းစဉ်တွေပါဝင်နေပါတယ်။ သူ့နေရာနဲ့သူ တာဝန်ကျေဖို့လိုအပ်လှပါတယ်။ နိုင်ငံတနိုင်ငံရဲ့ပဋိပက္ခဆိုတာ တဦးတယောက်တည်းက ဖြေရှင်းလို့မရသလို၊ အဖွဲ့အစည်းတခုကပဲ ဖြေရှင်းလို့ ရတာမဟုတ်ပါဘူး။

Saunders ရဲ့ စေ့စပ်ဆွေးနွေးမှုဖြစ်စဉ်မှာ ပြဿနာများကို ဆန်းစစ်၍စေ့စပ်ဆွေးနွေးရန် ဆုံးဖြတ်ခြင်း၊ပဋိပက္ခတွင်ပါဝင်နေသူများအကြား ဆက်ဆံရေးအပေါ်တွင် သက်ရောက်သော issues များအားရှာဖွေလေ့လာဖော်ထုတ်ခြင်း၊ ပူးတွဲအဖြေရှာလိုသောဆန္ဒပေါ်ထွက်ခြင်း၊ Scenario များတည်ဆောက်ခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်း၊ သဘောတူညီချက်များအား စုပေါင်းအကောင်အထည်ဖော်ခြင်း စတာတွေ ဖြစ်ပါတယ်။

(၁) Phase One: Defining the problem and Deciding to engage ဒီအဆင့်က ပဋိပက္ခမှာပါဝင်နေကြတဲ့ အတိုက်အခံအင်အားစုတွေနဲ့အစိုးရဘက်တော်သားတွေအနေနဲ့ပဋိပက္ခတွေ ဆက်ရှိနေခြင်းအားဖြင့် တိုင်းပြည်အတွက် ဘယ်လိုအကျိုးကျေးဇူးမှ မရှိစေတာ၊ တဘက်နဲ့တဘက်ကို အနိုင်တိုက်ဖို့ဆိုတာလဲ ဘယ်လိုမှမဖြစ်နိုင်တော့တာကို သိမြင်လာကြတာဖြစ်ပါတယ်။ တဘက်နဲ့တဘက်ဆန့်ကျင်နေကြရင်း တယောက်တပေါက် လုပ်ချင်ရာလုပ်နေကြတာတွေကြောင့် တိုင်းပြည်ရဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုထိခိုက်စေမှု၊ ပြည်သူလူထုအများ အတိဒုက္ခရောက်မှု၊ ထိခိုက်နစ်နာမှုများသာဖြစ်နေတာကိုသိမြင်ပြီး တဘက်တည်းကနေ unilateral action တွေ အကောင်အထည်ဖော်နေရုံနဲ့တိုင်းပြည်အနာဂတ်အတွက်ဘယ်လိုအ

**စာမျက်နှာ ၁၈ သို့**

# မိုင်းနင်းမိသဖြင့် ကလေးငယ်တဦး အပြင်းအထန် ဒဏ်ရာရ

**DVB ၊ ဖေဖော်ဝါရီ ၁၈ ။** ။ ကရင်ပြည်နယ်အတွင်းမှာ ဆက်လက်ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေအတွင်း အပြန်အလှန်ထောင်တဲ့ မိုင်းကြောင့် လွန်ခဲ့တဲ့ရက်ပိုင်းက အပြစ်မဲ့ ကလေးငယ်တဦး ခြေထောက်မှာ အပြင်းအထန်ဒဏ်ရာရသွားပါတယ်။

တိုက်ပွဲတွေကနေလွတ်အောင်ထိုင်းနိုင်ငံဘက်ခြမ်းသောင်းရင်းမြစ်ကမ်းနားမှာ ခိုလှုံတဲ့ ၇ နှစ် အရွယ် ကရင်ကလေးငယ်တဦး အခုလ ၁၂ ရက်နေ့က ဖခင်နဲ့အတူ ရွာပြန်သွားချိန် မိုင်းနင်းမိလို့ ဒဏ်ရာရသွားပါတယ်။ သူတို့ဟာ ရွှေအေးမြိုင်ရွာမှာနေတာဖြစ်ပြီး တိုက်ပွဲကြောင့် ထိုင်းနိုင်ငံ ဖုတ်ဖရတ်ခရိုင်တွင်းက သောင်းရင်းမြစ်ကမ်းဘေးမှာ တခြားဒုက္ခသည် ရွာသားတွေနည်းတူ ယာယီတဲထိုးပြီး ခိုလှုံနေတာပါ။ သူတို့သားအဖနှစ်ယောက်ဟာ ရွာမှာမီးသွေးနဲ့တခြားလိုအပ်တဲ့ ပစ္စည်းတွေကိုပြန်ယူပြီး နယ်စပ်ကိုအပြန်မှာ မိုင်းနင်းမိသွားတာလို့ ဒဏ်ရာရကလေးကို ပြုစုပြီး ဆေးရုံပို့ပေးခဲ့တဲ့ နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့က ပြောပါတယ်။ သားအဖနှစ်ဦး စက်ဘီးနဲ့သွားရာမှာ လမ်းမှာစက်ဘီးက မိုင်းနင်းမိပြီး စက်ဘီးနောက်ပိုင်းမှာ လိုက်ပါလာတဲ့ သမီးငယ်ရဲ့ခြေထောက်နှစ်ဘက်ကို မိုင်းစတွေ ထိမှန်ကုန်တာ ဖြစ်ပါတယ်။ ဖခင်ဖြစ်သူက ရွာကို သူတယောက်ထဲပဲ ပြန်မယ်ဆိုရင် နအဖစစ်တပ်က သူ့ကို သူပုန်အဖွဲ့ကလို့ စွပ်စွဲမှာကို စိုးရိမ်ပြီး သမီးငယ်လေးကို ခေါ်သွားတာလို့ ဆိုပါတယ်။

ဒဏ်ရာရတဲ့ သမီးငယ်ဟာ မွေးချင်း ၄ ဦးထဲမှာ အကြီးဆုံးသမီးဖြစ်တယ်လို့ဆိုပါတယ်။ အဲဒီကလေးမဟာ ဒီကနေ့ထိ ဆေးရုံမှာပဲ ရှိနေပါသေးတယ်။ ပြီးခဲ့တဲ့ ၁၂ ရက်နေ့တုန်းက အူးကေးထရွာမှာနေတဲ့ အမျိုးသားတဦးကလည်း ရွာခဏပြန်သွားချိန်မှာ စစ်အစိုးရတပ်နဲ့တိုးပြီး ဖမ်းဆီးချုပ်နှောင်ခံခဲ့ရဖူးပါတယ်။ အဲဒီတုန်းက သူပုန်ဆိုတဲ့ သံသယနဲ့ တညလုံးလိုလို ရိုက်နှက်တာ ခံခဲ့ရပါတယ်။ သောင်ရင်းမြစ်ကမ်းမှာ ခိုလှုံတဲ့ အူးကေးထရွာသူကြီးက သွားမရွေးရဲ့တာကြောင့် အမျိုးသမီးတွေက စွန့်စားသွားရောက်ပြီး အာမခံမှ ပြန်လည်လွတ်လာခဲ့ပါတယ်။

မနှစ်နိုဝင်ဘာလဆန်းက စဖြစ်တဲ့ နအဖနဲ့ဒီကေဘီအေအကြား တိုက်ပွဲတွေကြောင့် ကရင်ပြည်နယ် မြဝတီမြို့အနီးက ထောင်နဲ့ချီတဲ့ ရွာသားတွေဟာ ထိုင်းဘက်ကို ထွက်ပြေးခဲ့ကြတာဖြစ်ပြီး ထိုင်းအစိုးရက စုစည်းရွာမှာ ပေးမနေတော့တဲ့အတွက် အသိဆွေမျိုးနေအိမ်တွေ၊ တောတွင်းနဲ့ မြစ်ကမ်းဘေးမှာ ခိုလှုံနေကြတာပါ။ ဆန်နဲ့ အခြေခံအစားအစာတချို့ကို ထိုင်းမြန်မာနယ်စပ်ကူညီရေးအဖွဲ့ (တီ ဘီဘီစီ) က ကူညီပေးနေပေမယ့် ဒုက္ခသည်တွေ ပြန့်ကျဲနေတာကြောင့် ကူညီရာမှာ အခက်အခဲဖြစ်နေသလို လာလှူဒါန်းသူတွေကို ထိုင်းအာဏာပိုင်တွေရဲ့ ဆက်ဆံမှုကလည်း နွေးနွေးထွေးထွေးမရှိတာကြောင့် အကူအညီရသင့်သလောက် မရဖြစ်နေတယ်လို့ နယ်စပ် ကူညီပေးတဲ့အဖွဲ့တွေက ပြောပါတယ်။

ဒီကနေ့မှာတော့ ဒီကရင်ဒုက္ခသည်တွေကို အကူညီပေးဖို့ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့က ထိုင်းအစိုးရ၊ အလှူရှင်တွေနဲ့ နိုင်ငံတာ အသိုင်းအဝိုင်းကို အစီရင်ခံစာတစောင်ထုတ်ပြန် တိုက်တွန်းလိုက်ပါတယ်။ သူတို့တိုက်တွန်းချက်တွေထဲမှာ အဓိကအားဖြင့် ကရင်ပြည်နယ်တွင်းနဲ့ ထိုင်းနယ်စပ်မှာ ခိုလှုံနေသူတွေကို လူသားချင်းစာနာတဲ့ အထောက်အပံ့တွေ၊ အခြေခံလိုအပ်ချက်တွေကူညီပေးဖို့ ထိုင်းအစိုးရကလည်း ခွင့်ပြုဖို့၊ နေရပ်ရင်းမှာ မငြိမ်းချမ်းသေးရင် ဆက်လက်ခိုလှုံခွင့်ပေးဖို့ စတာတွေ ပါဝင်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံမှာ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွေကို စစ်အစိုးရက လုပ်လာအောင် ဖိုင်းဖိအားပေးဖို့လည်း တောင်းဆိုထားပါတယ်။

---

# နေပြည်တော်မြေသိမ်းခံရသူမိသားစု တရားရုံးတက်ရ

**RFA ၊ ဖေဖော်ဝါရီ ၁၅ ။** ။ နေပြည်တော် ဒက္ခိဏသီရိမြို့ တည်ဆောက်ရေးစီမံကိန်းအရ သိမ်းယူခံရတဲ့လယ်ယာနဲ့ အိမ်မြေတွေကနေ ဖယ်မပေးတဲ့အတွက် အိမ်ထောင်စု ၁၄ စုကို ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ တရားစွဲဆိုထားတဲ့အတွက် အိမ်ထောင်စု ၁၄ စု လုံး ပြီးခဲ့တဲ့ ၁၄ ရက်နေ့က တရားရုံးတက်ခဲ့ရတယ်လို့ သတင်းရရှိပါတယ်။

ဘိုးနွယ်ရွာက မြေယာသိမ်းယူခံရတဲ့အိမ်ထောင်စု ၁၄ စုက အိမ်ထောင်ဦးစီးတွေကို လာမဲ့ ၁၇ ရက်နေ့မှာ အာမခံမဲ့သူ ၂ ဦးနဲ့အတူ ပြန်လာဖို့ တရားရုံးကချိန်းဆိုလိုက်တယ်လို့ တရားစွဲဆိုခံထားရသူ တဦးကပြောပြပါတယ်။

လာမဲ့ ၁၇ ရက်နေ့မှာ အာမခံမဲ့သူမရှိရင် ဖမ်းချုပ်ခံရမဲ့သဘောဖြစ်နေတယ်လို့ သိရပါတယ်။

နေပြည်တော်မှာတည်ဆောက်တဲ့ မြို့ ၅ မြို့ထဲက တမြို့ဖြစ်တဲ့ ဒက္ခိဏသီရိမြို့မှာ ကားဂိတ်ဆောက်လုပ်ဖို့မြေယာတွေ သိမ်းယူခံရတဲ့ ၂၃ စု ရှိခဲ့ပြီး၊ ဒီမိသားစုတွေက မြို့သစ်စီမံကိန်းအမှတ် ၉၂၀ အတွင်း ပြန်လည်နေရာချထားပေးပါရန် တောင်းဆိုတာကို မလိုက်လျောတဲ့အတွက် မိသားစု ၁၄ စုက နေအိမ်တွေကနေ ဖယ်မပေးပဲ ဆက်လက်နေထိုင်ခဲ့ပါတယ်။

လက်ရှိနေရာချထားပေးတဲ့နေရာဟာ ရေရှည်အခြေချနေထိုင်ရန်မသင့်တော်တဲ့အတွက် လက်မခံနိုင်တာဖြစ်တယ်လို့ တရားစွဲဆိုခံထားရသူတဦးက ပြောပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၀ ဇွန်လပိုင်းလောက်ကတည်းကစတင်ပြီး ဆောက်လုပ်ရေးဌာနကနေ မြေတိုင်းထွာပြီးနေရာတွေ စတင်သတ်မှတ်ခဲ့ပါတယ်။ အဲဒီနောက် မြို့နယ်စည်ပင်သာယာရေးကနေ ပျက်စီးသွားတဲ့ အဆောက်အအုံတွေအတွက် လျော်ကြေးငွေ တွက်ချက်ပေးခဲ့ပါတယ်။

ဒါပေမဲ့ ပြန်လည်နေရာချထားရာမှာတော့ မြေသိမ်းခံရသူတွေ မနေလိုတဲ့နေရာတွေမှာ အတင်းအကျပ်နေခိုင်းတဲ့အတွက်လက်မခံခဲ့တာဖြစ်ကြောင်း မြေယာသိမ်းခံရသူတွေက ပြောဆိုခဲ့ပါတယ်။

---

**စာမျက်နှာ ၁၇ မှ**

ကျိုးကျေးဖူးမှုမရှိနိုင်တာကိုနားလည်လာကြတဲ့နိုင်ငံရေးအတွေးအခေါ်ပေါ်ထွက်လာတဲ့ အဆင့်ဖြစ်ပါတယ်။ အဲဒီ လို အချိန်မှာမှ စေ့စပ်ဆွေးနွေးအဖြေရှာဖို့ ဆုံးဖြတ်လာကြတာပါ။ အတိုက်အခံတွေဘက်ကနေ စေ့စပ်ဆွေးနွေးရေးဆိုတာကို တဘက်သတ်တောင်းဆိုနေရုံနဲ့ ဒီလို နိုင်ငံရေးအဆင့်ကို မရောက်နိုင်ပါဘူး။

ပဋိပက္ခတွေကြောင့် အာဏာရှင်တွေဘက်မှာလဲ နိုင်ငံတကာ တရားဝင်မှုတွေမရတာ၊ နိုင်ငံတကာဖိအားပေးခံရတာတွေ ရှိနေပြီး၊ အတိုက်အခံဘက်မှာလဲ အဆုံးသတ်တိုက်ပွဲ မတိုက်နိုင်တော့တဲ့ အခြေအနေကိုရောက်နေပြီဆိုရင် ဒါဟာ mutually hurting stalemate ဖြစ်နေပြီလို့ သုံးသပ်နိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ခဲ့ရင် စေ့စပ်ဆွေးနွေးရေးဖြစ်လာအောင် လုပ်ယူလို့ရပါတယ်။ ဒီလို လုပ်ယူတဲ့အခါမှာ Track II နဲ့ Track III အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။

**ဆက်လက်ဖော်ပြပါမည်**


www.foxtoon.com
NO. 495 Feb 20, 2011
before, after and if.......
before
SANCTIONS
after
If, .... no
sanctions !
$

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကာကွယ်ရေးဝန်ကြီးဌာနအပြင်ရှိ နေအိမ်သစ် ပြောင်းရွှေ့

**RFA ၊ ဖေဖော်ဝါရီ ၁၄ ။** ။ မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ လာမဲ့သီတင်းပတ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကစလို့ ကာကွယ်ရေးဝန်ကြီးဌာနဝင်းအပြင်ဖက်က နေအိမ်သစ်မှာ ပြောင်းရွှေ့နေထိုင်တော့မှာဖြစ်တယ်လို့ နေပြည်တော်ဝန်ကြီးတွေနဲ့နီးစပ် သူတွေက ပြောပါတယ်။

ဗိုလ်ချုပ်မှူးကြီးနဲ့မိသားစု လက်ရှိနေထိုင်တဲ့နေပြည် တော်စစ်ရုံးချုပ်ဝင်းအတွင်းနေအိမ်ကနေ နေပြည်တော်မြို့လယ် ပုဗ္ဗာသီရိမြို့ ဟိုတယ်ဇုံအနီးတည်ဆောက်ထားတဲ့နေအိမ်ကိုပြောင်းရွှေ့မှာဖြစ်ပါတယ်။စစ်ရုံးချုပ်နေအိမ်ကပစ္စည်းတွေအားလုံးနီးပါးကိုပြောင်းရွှေ့ထားပြီးဖြစ်ပေမဲ့ လူပြောင်းရွှေ့ဖို့အတွက် နေ့ကောင်းရက်သာ ရွေးချယ်နေခဲ့တာဖြစ်တယ်လို့သိရပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေနဲ့ အခုလို တပ်အပြင်က နေအိမ်သစ်ကိုပြောင်းရွှေ့ဖို့ဆုံးဖြတ်တာဟာ ပေါ်ပေါက်လာမဲ့အစိုးရအဖွဲ့သစ်နဲ့တပ်မတော်ကို ကန့်လန့်ကာနောက်ကွယ်ကနေ ကြိုးကိုင်သွားဖို့ ပြင်ဆင်တာဖြစ်တယ်လို့ မြန်မာ့စစ်ရေးလေ့လာသူ ဦးဌေးအောင်က သုံးသပ်ပါတယ်။

"အဲဒီဝင်းထဲမှာ ဒီကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအိမ်ရှိတယ်၊ သူ့အိမ်က ဒီအိမ်ရှေ့မှာလည်း အဝိုင်းကြီးရှိတယ်ပေါ့နော်။ ပြီးတော့ ရေကူးကန်တို့ အိမ်ကြီးရဲ့ဘေးမှာလည်းပဲ သူ့ရဲ့မိသားစုဝင်တွေနဲ့ ဧည့်သည်တွေလာရင်တည်းဖို့နဲ့တူတယ်၊ အိမ်ကြီးတလုံး ရှိတယ်။ ဒါ့အပြင် သူနဲ့မလှမ်းမကမ်းမှာ ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိမ်ရှိတယ်၊ နောက်တခါ သူတို့နဲ့ ဖိုခနောက်ဆိုင်ပေါ့နော်၊ ကြည်း ရေ လေ ကွပ်ကဲညှိနှိုင်းရေးမှူး ဗိုလ်ချုပ်ကြီး သူရရွှေမန်းရဲ့အိမ်ရှိခဲ့တယ်လေ။"

"အဲဒီတော့ အခု သူတို့တွေအားလုံးက လက်ရှိတပ်ရာထူးတွေကနေပြီးတော့ ဒီကန့်လန့်ကာနောက်ကွယ်ကို ဝင်တဲ့လူကဝင်၊ တချို့ကလည်း ဒီလွှတ်တော်တို့ဘာတို့မှာ ဥက္ကဋ္ဌတို့ဘာတို့ လုပ်တဲ့လူကလုပ်ဆိုတော့ အဲဒီနေရာတွေကို နောက်အသစ်တက်မဲ့ သူတို့ စိတ်ကြိုက်ရွေးချယ်ထားတဲ့ ဒီဗိုလ်ချုပ်တွေကိုလွှဲပေးပြီး သူတို့က အသင့်ဆောက်ထားတဲ့ တခြားအိမ်တွေကိုပြောင်းရွှေ့ဖို့ ပြင်တာဖြစ်နိုင်ပါတယ်။"

"ဆိုလိုတာကတော့ သူတို့သတ်မှတ်ထားတဲ့အတိုင်း သူတို့လူတွေသူတို့ အကုန်နေရာချထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒီကန့်လန့်ကာရဲ့နောက်ကွယ်ကိုဝင်တဲ့အနေအထားမျိုးဖြစ်နိုင်တယ်လို့ ကျွန်တော်ယူဆပါတယ်။"

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒု-ဗိုလ်ချုပ်မှူးကြီး မောင်အေးနဲ့မိသားစုကတော့ ပြီးခဲ့တဲ့လကတည်းက စစ်ရုံးချုပ်နေအိမ်ကနေ အဲဒီ ပုဗ္ဗာသီရိအရပ်မှာတည်ဆောက်ထားတဲ့ သီးသန့် နေအိမ်သစ်ကိုပြောင်းရွှေ့သွားပြီး ဖြစ်တယ်လို့ သိရပါတယ်။

နေပြည်တော်မြို့လယ်က အချက်အချာကျတဲ့ ဟိုတယ်ဇုံအနီးမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့အမိန့်နဲ့ ခေတ်မီ အထူးသီးသန့်နေအိမ်သစ် ၆ လုံးကို ဆောက်လုပ်ထားတယ်လို့ နေပြည်တော်ဝန် ကြီးတွေနဲ့နီးစပ်သူတွေက ပြောပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

*AIR MAIL*

PRINTED MATTER